






# လွတ်မြောက်ရေး ဂျာနယ် (ဇူလိုင်လ၊ ၂၀၀၉ခုနှစ်)



# အာဇာနည်စိတ်တွေ ရှင်သန်နေဆဲ

မြန်မာ့မြေပေါ်တွင် အာဇာနည် အမျိုးကောင်းသား၊ အမျိုးကောင်း သမီးများစွာ ပေါ်ပေါက်ခဲ့ပြီဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ၊ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲ၊ အရင်းရှင်၊ မြေရှင်ပဒေသရာဇ် တော်လှန်ရေးတိုက်ပွဲ၊ တပါတီအာဏာရှင်စနစ် ဆန့်ကျင်ရေးတိုက်ပွဲ၊ စစ်အာဏာရှင်စနစ် ဖြုတ်ချရေး တိုက်ပွဲများစွာတို့တွင် မြန်မာအာဇာနည်များစွာတို့၏ အသက်သွေးချွေးများ ပေးဆပ်ခဲ့ရသည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲတွင် နယ်ချဲ့လက်ပါးစေတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသော အာဇာနည်ခေါင်းဆောင်ကြီးများကို ဂုဏ်ပြုသောအားဖြင့် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော ဇူလိုင်လ (၁၉) ရက်နေ့ကို အာဇာနည်နေ့ဟု သတ်မှတ်ခေါ်တွင်ခဲ့ကြသည်။ အာဇာနည်နေ့ဟူသည် မတရားသောအာဏာရှင်များကို တော်လှန်ခဲ့ကြသည့် အာဇာနည်သွေး၊ အာဇာနည်စိတ်၊ အာဇာနည်နှလုံးသားများ၏ ပြယုဂ်။

အဆိုပါပြယုဂ်ကို အမိမြန်မာပြည်တွင် မတရားစစ်ကျွန်ပြုနေသည့် စစ်အာဏာရှင်တို့ စိုးရွံ့ထိတ်လန့်ကြသည်မှာ ဆန်းလှသည်တော့ မဟုတ်။ မတရားသည့် အမိန့်အာဏာမှန်သမျှကို တာဝန်အရ ဖီဆန်ကြမည့် အာဇာနည် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများကို စစ်အာဏာရှင်တို့ ကြောက်ရွံ့နေကြသည်။ အာဇာနည်နေ့ဆိုသည်ကို သမိုင်းက ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားနေကြသည်။ မည်သို့ပင် ကြိုးစားကြိုးစား၊ မြန်မာတို့ရင်ထဲတွင် ကိန်းအောင်းနေသည့် အာဇာနည်စိတ်ဓာတ်များကား ရှင်သန်နေဆဲပဲဖြစ်သည်။ ကျောင်းသားအာဇာနည်၊ ရဟန်းအာဇာနည်၊ လူထုအာဇာနည်များစွာတို့၏ အာဇာနည်နှလုံးသွေးစက် များကလဲ ရဲရဲနီနေဆဲပင်ဖြစ်သည်။

ပြည်သူ့အာဏာသည် ပြည်သူ့ဆီမှသာ သက်ဆင်းစေရမည်ဖြစ်သည်။ လူထုလူတန်းစားအားလုံးကို ကိုယ်စားမပြုသော မတရားအစိုးရများ ရှိနေသရွေ့ ပြည်သူလူထု၏ အာဇာနည်စိတ်ဓာတ်များ ပျောက်ပျက်သွားလိမ့်မည်မဟုတ်။ မြန်မာ့တပ်မတော်ထဲတွင်လဲ စစ်သားအာဇာနည် သားကောင်းများ ရှိနေဆဲဟု ယုံကြည်သည်။ လူထုထဲမှ ပေါက်ဖွားလာသည့် စစ်သားအာဇာနည်သားကောင်း ပီသစွာ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်နေသော စစ်အာဏာရှင်များဘက်သို့ သေနတ်ပြောင်းများ ပြန်လှည့်လိုက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(အာဇာနည်ခေါင်းဆောင်ကြီးများနှင့် အညတရအာဇာနည် ရဲဘော်များအားလုံးသို့ ဦးညွတ်အလေးပြုလျက်)

ခင်မမမျိုး (တာဝန်ခံအယ်ဒီတာ)

## အာဇာနည်သွေး၊ အာဇာနည်စိတ်




မြန်မာ့မြေပေါ်မှာ
အာဇာနည်သွေးတွေ
မခြောက်သေးဘူးဟေ့။

မြန်မာ့ရင်ထဲမှာ
အာဇာနည်စိတ်ဓာတ်တွေ
ရှင်သန်ဆဲပဲဟေ့။

နယ်ချဲ့အာဏာရှင်ကို
တော်လှန်ရင်းကျခဲ့တဲ့
အာဇာနည်သွေး။

ဖက်ဆစ်အာဏာရှင်ကို
ဆန့်ကျင်ရင်း ကျခဲ့တဲ့
အာဇာနည်သွေး။

အရင်းရှင်အာဏာရှင်ကို
တိုက်ဖျက်ရင်း ကျခဲ့တဲ့
အာဇာနည်သွေး။

တပါတီအာဏာရှင်ကို
တိုက်ခိုက်ရင်းကျခဲ့တဲ့
အာဇာနည်သွေး။

စစ်အာဏာရှင်ကို
ဖြုတ်ချရင်းကျခဲ့တဲ့
အာဇာနည်သွေး။

အာဏာရှင်စနစ်ဆိုးတွေ
မပျောက်သေးသရွေ့
ရဲစွမ်းသတ္တိရှိတဲ့
အာဇာနည်သားကောင်းတွေ
ပေါ်ထွက်နေမှာပဲ။

ပြည်သူ့အာဏာတွေ
ပြည်သူဆီက
မသက်ဆင်းသရွေ့
လူထုကြီးရဲ့
တိုက်ပွဲခေါ်သံတွေ
သောညံနေမှာပဲ။

တော်လှန်ရေးပန်းတိုင်ဆီ
မရောက်သေးသရွေ့
သွေးမြေကျရဲတဲ့
အာဇာနည်စိတ်ဓာတ်တွေ
ရှင်သန်နေမှာပဲ။

ဟေ့- စစ်အာဏာရှင်။
အာဇာနည်နေ့ဆိုတာကို
သမိုင်းက ဖျောက်ပစ်ဖို့
ကြိုးစားမနေနဲ့။

မြန်မာ့မြေပေါ်မှာ
အာဇာနည်သွေးတွေ
မခြောက်သေးဘူးဟေ့။

မြန်မာ့ရင်ထဲမှာ
အာဇာနည်စိတ်ဓာတ်တွေ
ရှင်သန်ဆဲပဲဟေ့။

ခင်မမျိုး (မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ်)

# အာဇာနည်ခေါင်းဆောင်ကြီးများ

နစ်နေမန်း



ဗိုလ်ချုပ်အောင်ဆန်း



သခင်မြ



ဒီးဒုတ်ဦးဘချို



ဦးရာဇတ်



မန်းဘခိုင်



စဝ်စံထွန်း



ဦးဘဝင်း



ဦးအုန်းမောင်



ရဲဘော်ကိုထွေး

**ဗိုလ်ချုပ် အောင်ဆန်း (၁၉၁၅ – ၁၉၄၇)**

၁၉၁၅ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မကွေးတိုင်း၊ တောင်တွင်းကြီး ခရိုင်၊ နတ်မောက်မြို့၌ အမိန့်တော်ရ ရှေ့နေ ဦးဖာ - ဒေါ်စု တို့မှ နောင်တခေတ်တွင် ဗိုလ်ချုပ် အောင်ဆန်း ဟူ၍ မြန်မာ နိုင်ငံ သမိုင်း၌ တွင်စေမည့် သားရတနာကို ဖွားမြင် ခဲ့သည်။ ဇာတာ အမည်မှာ မောင်ထိန်လင်း ဖြစ်သော်လည်း ငယ်စဉ် ကပင် မောင်အောင်ဆန်းဟု တွင်သည်။ ငယ်စဉ်က နတ်မောက်မြို့ ဆရာတော် ဦးသောဘိတ ကျောင်း၌ နေခဲ့သည်။ ၁၉၂၈ ခုတွင် ရေနံချောင်း အမျိုးသား အထက်တန်း ကျောင်းသို့ ပြောင်းရွှေ့ ပညာ သင်ယူ ခဲ့ပြီး၊ ယင်းကျောင်းမှ မြန်မာ၊ ပါဠိ ၂ ဘာသာ ဂုဏ်ထူးဖြင့် ၁၀ တန်း အောင်မြင် ခဲ့သည်။ ပညာ ထူးချွန်သူ ဖြစ်၍ အထက်တန်း စကောလားရှစ်နှင့် ဦးရွှေခိုဆု ရရှိခဲ့ ဖူးသည်။ ထိုနောက် ရန်ကုန် တက္ကသိုလ်သို့ တက်ရောက်ပြီး ဆက်လက် ပညာ ဆည်းပူး ခဲ့သည်။ ၁၉၃၅ - ၃၆ ပညာ သင်နှစ်မှ စ၍ ရန်ကုန် တက္ကသိုလ် ကျောင်းသား သမဂ္ဂ အမှုဆောင် အဖွဲ့ဝင် ဖြစ်လာ ခဲ့ပြီး၊ သမဂ္ဂ၏ အာဘော် အိုးဝေ မဂ္ဂဇင်း အယ်ဒီတာလည်း လာခဲ့သည်။ ကိုအောင်ဆန်း အယ်ဒီတာ အဖြစ် ဆောင်ရွက်သော အိုးဝေ မဂ္ဂဇင်းတွင် ယမမင်း အမည် အိုးဝေ ညိုမြ ရေးသားသော "ငရဲခွေးကြီး လွတ်ပြီး သရမ်း နေသည် (The Hell Hound At Large)" ခေါင်းစဉ်ဖြင့် ပေးစာ တစောင် ဖော်ပြခဲ့ မှုသည်လည်း ၁၉၃၆ ဒုတိယ ကျောင်းသား သပိတ် ဖြစ်ပွား စေခဲ့သော အဓိက အကြောင်းရင်း တချက် ဖြစ်သည်။ ၁၉၃၆ ဒုတိယ ကျောင်းသား သပိတ်၏ သပိတ်မှောက် ကောင်စီ အဖွဲ့ဝင် တဦးလည်း ဖြစ်ခဲ့သည်။

ကုလား - ဗမာ အဓိကရုဏ်း ပေါ်ခဲ့သည်။ သမဂ္ဂသည် အဓိကရုဏ်းကြောင့် ဒုက္ခ ရောက်သူ များအား ကယ်ဆယ်ရေး လုပ်ငန်း များကို ဆောင်ရွက် ခဲ့သည်။ ၁၉၃၆ ခု သပိတ် အရေးတော်ပုံတွင် ဖွဲ့စည်း ပေးခဲ့သော ဆာမြဘူး ကော်မတီ အစီရင်ခံစာ ထွက်လာသည်၊ အစီရင် ခံစာကို တကသမှ ကန့်ကွက် ခဲ့သည်။ ဒေါက်တာ ဘမော် အစိုးရ တက္ကသိုလ် အက်ဥပဒေကြမ်း ပြုလုပ်ရန် စီစဉ်သည် ကိုလည်း လက်မခံခဲ့ပေ။ ၁၉၃၆ - ၃၇ ပညာ သင်နှစ်တွင် ရန်ကုန် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ၏ ဒုတိယ ဥက္ကဋ္ဌ ဖြစ်လာပြီး၊ ၁၉၃၈ - ၃၉ တွင် ဥက္ကဋ္ဌ အဖြစ် တာဝန် ယူခဲ့သည်။

၁၉၃၆ တက္ကသိုလ် သပိတ် အပြီးတွင် ပေါ်ပေါက် လာသော ဗမာ နိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂကြီးကို ဦးစီး တည်ထောင်သူ တဦးလည်း ဖြစ်ပြီး၊ ဗမာ နိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂတွင် ပထမဆုံး အတွင်းရေးမှူး ဖြစ်လေသည်။ ၁၉၃၇ - ၃၈ တွင် ဗမာ နိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌ အဖြစ် တာဝန် ယူခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာတန်းကို အောင်ပြီး၊ ဥပဒေ ဝိဇ္ဇာတန်းသို့ ဆက်တက် ခဲ့သည်။ ၁၉၃၈ - ၃၉ တွင် တကသ ဥက္ကဋ္ဌ ဖြစ်သည်။ တက္ကသိုလ် အက်ဥပဒေ ပြင်ဆင်ရေး ကော်မတီတွင် အဖွဲ့ဝင် အဖြစ်လည်း တာဝန် ယူခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် တက္ကသိုလ် အုပ်ချုပ်ရေး အဖွဲ့ဖြစ်သည့် တက္ကသိုလ် ကောင်စီဝင်တွင် ပထမဆုံး ကျောင်းသား ကိုယ်စားလှယ် အဖြစ် တာဝန် ပေးအပ်ခြင်း ခံခဲ့ရသည်။ ဗိုလ်ချုပ် အောင်ဆန်းသည် တကသ ဥက္ကဋ္ဌ အဖြစ် သက်တန်း ကုန်သည်ထိ မနေခဲ့ပေ။ ၁၉၃၈ ခုနှစ်တွင် တက္ကသိုလ်မှ ထွက်ပြီး သခင် ကိုယ်တော်မှိုင်း ကြီးမှူးသော တို့ဗမာ အစည်းအရုံးသို့ ဝင်ရောက်၍ သခင် အောင်ဆန်း အဖြစ် နိုင်ငံရေး နယ်ပယ်သို့ ခြေစုံပစ် ဝင်ခဲ့သည်။ ၁၉၃၉ တွင် တို့ဗမာ အစည်းအရုံး၏ အတွင်းရေးမှူး အဖြစ် တက်မြောက်ခြင်း ခံရသည်။

သခင် အောင်ဆန်းသည် ဒုတိယ ကမ္ဘာစစ် ဖြစ်လာ၍ မြန်မာ့ လွတ်လပ်ရေး အတွက် စည်းစည်းလုံးလုံး ဆောင်ရွက်နိုင်ရန် ဖွဲ့စည်း ခဲ့သော ဗမာ ထွက်ရပ်ဂိုဏ်းတွင် အတွင်းရေးမှူး အဖြစ်လည်း တာဝန် ယူခဲ့သည်။ မြန်မာ့ လွတ်လပ်ရေး အတွက် လက်နက်ကိုင် တော်လှန်ရေး ဆင်နွဲရန် ပေါ်ပေါက် ခဲ့သော ပြည်သူ့ အရေးတော်ပုံ ပါတီ (နောင် ဆိုရှယ်လစ် ပါတီ) ၏ ပြည်ပ ဆက်သွယ်ရေး ခေါင်းဆောင် တာဝန်ကိုလည်း ယူခဲ့သည်။ ၁၉၄၀ မတ်လ အတွင်း အိန္ဒိယ နိုင်ငံ ရမ်းဂါးမြို့၌ ကျင်းပသော အိန္ဒိယ အမျိုးသား ကွန်ဂရက် ညီလာခံသို့ တက်ရောက် ခဲ့သည်။ သခင် အောင်ဆန်းအား အင်္ဂလိပ် နယ်ချဲ့ အစိုးရကို ဆန့်ကျင် ဟောပြော မှုဖြင့် ဖမ်းဆီးရန် ဟသ်ာတ ခရိုင် ရာဇဝတ်ဝန် ဆုငွေ ၅ ကျပ်ဖြင့် ဖမ်းဝရမ်း ထုတ်ခဲ့သည်။ ၁၉၄၀ ဩဂုတ်လ အတွင်း မြန်မာ့ လွတ်လပ်ရေး အတွက် အင်္ဂလိပ် နယ်ချဲ့ အစိုးရအား မြန်မာ့ မြေပေါ်မှ လက်နက် အားဖြင့် မောင်းထုတ် နိုင်ရန် အတွက် နိုင်ငံခြားမှ အကူအညီ ရယူရန် တရုတ်နိုင်ငံသို့ စွန့်စား ထွက်ခွာ ခဲ့သည်။ တရုတ်ပြည် အမွိုင်၌ သောင်တင် နေစဉ် မြန်မာနိုင်ငံမှ ရဲဘော်များ၏ စီစဉ် ဆောင်ရွက် ပေးမှုကြောင့် ဂျပန် အရာရှိ စူဇူကိကေအိချိနှင့် အဆက်အသွယ် ရကာ

ဂျပန် နိုင်ငံသို့ ရောက်သွားသည်။ဂျပန်ပြည်တွင် ‘ဗမာ့ လွတ်လပ်ရေး စီမံကိန်း’ စာတမ်း တရပ်ကို ရေးဆွဲကာ ဂျပန် စစ်အာဏာပိုင် များနှင့် ညှိနှိုင်းခဲ့သည်။ ယင်း စီမံကိန်း အရ မြန်မာပြည် အတွင်းမှ မျိုးချစ် လူငယ် များကို စုစည်းကာ အလီလီ ခွဲလျက် ဂျပန်ပြည်သို့ ပို့ပေးခဲ့သည်။ ဤမျိုးချစ် လူငယ် တစုသည် ပင်လျှင် နောင်သော အခါတွင် ဗိုလ်တေဇ (ခေါ်) ဗိုလ်အောင်ဆန်း ခေါင်းဆောင်သည့် ရဲဘော် သုံးကျိပ် ဖြစ်လာ ခဲ့သည်။ ဤမျိုးချစ် လူငယ်များသည် ဗမာ့ လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ကို ယိုးဒယား (ယခု ထိုင်း) နိုင်ငံ ဘန်ကောက်တွင် ဖွဲ့စည်း တည်ထောင်ကာ မြန်မာနိုင်ငံ အတွင်းသို့ ဂျပန်များ နှင့်အတူ ဝင်ရောက် တိုက်ခိုက် ခဲ့သည်။

ဂျပန် တပ်မတော်က မြန်မာနိုင်ငံကို သိမ်းပြီးသော အခါ အင်အား ကြီးထွားပြီး ဗရမ်းဗတာ ဖြစ်လာသော ဗမာ့ လွတ်လပ်ရေး တပ်မတော်ကို အင်အား လျှော့ချပြီး ဗမာ့ ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) အဖြစ် ပြန်လည် ဖွဲ့စည်း သည့်အခါ ဗိုလ်ချုပ် အောင်ဆန်းသည် ဘီဒီအေ၏ စစ်သနာပတိ ဖြစ်လာသည်။ ၁၉၄၂ ခု စက်တင်ဘာလတွင် သူနာပြု ဆရာမ ဒေါ်ခင်ကြည်နှင့် လက်ထပ်သည်။ မြန်မာနိုင်ငံကို ဂျပန်က ရွှေရည်စိမ် လွတ်လပ်ရေး ပေးသော အခါ ဗိုလ်ချုပ် အောင်ဆန်းသည် စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ဖြစ်လာသည်။ ဖက်ဆစ် ဂျပန် စစ်အုပ်ချုပ်ရေး သမားများသည် မြန်မာ နိုင်ငံနှင့် ပြည်သူတို့အား ဖက်ဆစ်နိုင်ငံ၏ လက်အောက်ခံ နိုင်ငံ တနိုင်ငံ သဖွယ် သဘောထား လာကြသည်။ ထို့ကြောင့် ၁၉၄၄ ခုနှစ် ဩဂုတ်လ အတွင်းမှာ ဗိုလ်ချုပ် အောင်ဆန်းနှင့် သခင် စိုးတို့ ဦးဆောင်ပြီး ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ် (ဖတပလ) [ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ် (ဖဆပလ)] ကို ဖွဲ့စည်း တည်ထောင်ကာ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဗမာ့ ကာကွယ်ရေး တပ်မတော်သည် ဗိုလ်ချုပ် အောင်ဆန်း၏ တိုက်ရိုက် ကွပ်ကဲ ညွှန်ကြားမှုဖြင့် ဖက်ဆစ် ဂျပန် တို့ကို အတိအလင်း စစ်ကြေညာကာ ဖက်ဆစ် တော်လှန်ရေးကို ဆင်နွှဲ ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးနောက်တွင် ဗမာ့ တပ်မတော်ကို ဂန္ဒီ စာချုပ် အရ ဆက်လက် ဖွဲ့စည်း တည်ထောင် ပြီးနောက် ဗိုလ်ချုပ် အောင်ဆန်းသည် တပ်မတော်မှ နုတ်ထွက်ကာ နိုင်ငံရေး ခေါင်းဆောင် ဖဆပလ ဥက္ကဋ္ဌ အဖြစ် တိုင်းပြည် တာဝန်ကို ဆက်လက် ထမ်းဆောင် ခဲ့သည်။

ဒုတိယ ကမ္ဘာစစ် အပြီးတွင် မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ်က ဗိုလ်ချုပ် အောင်ဆန်း အပါအဝင် ဖဆပလ ခေါင်းဆောင်များအား ဘုရင်ခံ၏ အမှုဆောင် ကောင်စီတွင် ရာထူး လက်ခံရန် စကား ကမ်းလှမ်းသော်လည်း ဖဆပလမှ ချမှတ်ထားသော စည်းကမ်းချက်များ အတိုင်း မရ၍ ဗိုလ်ချုပ် အောင်ဆန်းတို့က လက်မခံခဲ့ဘဲ၊ ဘုရင်ခံရဲ့ စက္ကူဖြူ စီမံကိန်း တိုက်ဖျက်ရေး ကိုသာ ပြည်သူ လူထုအား စည်းရုံးကာ အင်တိုက်အားတိုက် ဆောင်ရွက် ခဲ့သဖြင့်၊ ပုလိပ် သပိတ် အပါအဝင် အထွေထွေ အမှုထမ်း ပေါင်းစုံ သပိတ်ကြီး ပေါ်ပေါက် လာပြီး၊ နယ်ချဲ့ အင်္ဂလိပ် တို့၏ အုပ်ချုပ်ရေး ရပ်တန့် သွားခဲ့ရသည်။ ဗြိတိန် အစိုးရလည်း ဘုရင်ခံ ဆာဒေါ်မန်စမစ်ကို အင်္ဂလန်သို့ ပြန်ခေါ်ပြီး၊ ဘုရင်ခံ အသစ် အဖြစ် ဆာဟူးဘတ်ရန်စ်ကို ခန့်အပ် လိုက်သည်။ ဘုရင်ခံသစ် ဆာဟူးဘတ်ရန်စ်က ဗိုလ်ချုပ်တို့ အလိုကျ အစိုးရ ဖွဲ့စည်းရန် စကား ကမ်းလှမ်း လာတော့သည်။ ထို ကမ်းလှမ်းချက် များကို ဖဆပလနှင့် ဆွေးနွေး ညှိနှိုင်းကြပြီးနောက် ဗိုလ်ချုပ် အောင်ဆန်းနှင့် ဖဆပလ ခေါင်းဆောင် များသည် ဘုရင်ခံ၏ အမှုဆောင် ကောင်စီဝင် ရာထူးကို ယူလိုက် ကြသည်။ ထို့ကြောင့် ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့ မှစ၍ ဗိုလ်ချုပ် အောင်ဆန်းသည် ဘုရင်ခံ၏ အမှုဆောင် ကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဖြစ်လာသည်။ ထိုနောက် တနှစ် အတွင်း လုံးဝ လွတ်လပ်ရေး ရရှိရေး ဆောင်ပုဒ် အရ မြန်မာ့ လွတ်လပ်ရေး ကိစ္စ ဆွေးနွေးရန် ဗြိတိသျှ လေဘာ အစိုးရ၏ ဖိတ်ကြားချက် အရ မြန်မာ ကိုယ်စားလှယ် အဖွဲ့ကို ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်ပြီး ၁၉၄၇ ခု ဇန်နဝါရီလတွင် လန်ဒန်သို့ သွားရောက် ခဲ့သည်။ ထိုဆွေးနွေးပွဲမှ မြန်မာနိုင်ငံအား တနှစ်အတွင်း လွတ်လပ်ရေး ပေးမည့် အောင်ဆန်း - အက်တလီ စာချုပ် ချုပ်ဆို နိုင်ခဲ့သည်။

သို့သော် မြန်မာနိုင်ငံကို လွတ်လပ်ရေး ပေးရာတွင် ဗြိတိသျှတို့က တောင်တန်း ဒေသများကို ချန်ထား လိုသောကြောင့် ဗိုလ်ချုပ် အောင်ဆန်းက တောင်တန်း ဒေသ ကိုပါ တပါတည်း လွတ်လပ်ရေး ပေးရန် တောင်းဆို ခဲ့ပြီး၊ တောင်တန်း ဒေသနှင့် မြန်မာပြည်ပ ပေါင်းစည်း အတွက် အားသွန် ကြိုးပမ်း ခဲ့ပြန်သည်။ ဗိုလ်ချုပ် အောင်ဆန်း၏ ကြိုးစား ရိုးသားမှုကြောင့် တောင်တန်း ဒေသ တိုင်းရင်းသား ခေါင်းဆောင်များ၏ ယုံကြည် ကိုးစားမှု ကိုပါ ရရှိခဲ့ပြီး၊ မြန်မာနိုင်ငံ သမိုင်းတွင် အရေးပါသော တိုင်းရင်းသား ပေါင်းစုံ

သွေးစည်း ညီညွတ်ရေး သင်္ကေတ ဖြစ်ခဲ့သည့် ပင်လုံ စာချုပ် ချုပ်ဆို နိုင်ခဲ့သည်။ ထိုလုပ်ငန်းများ ပြီးစီး၍ လွတ်လပ်ရေး ရရန် သေချာသော အခြေအနေသို့ ရောက်သော အခါ လွတ်လပ်သော မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲကြမည့် တိုင်းပြု ပြည်ပြု လွှတ်တော် အတွက် ရွေးကောက်ပွဲ ကြီးကို ၁၉၄၇ ခု ဧပြီလတွင် အောင်မြင်စွာ ကျင်းပ နိုင်ခဲ့သည်။ ယင်းသို့ မြန်မာ့ လွတ်လပ်ရေး ဗိမာန်ကြီး ပြီးခါနီး အချိန် လွတ်လပ်သော မြန်မာနိုင်ငံ တည်ထောင်ရေး အားသွန် ကြိုးပမ်း နေဆဲတွင် နယ်ချဲ့ လက်ပါးစေ ဦးစောနှင့် အပေါင်းပါ တို့၏ ရက်စက် ယုတ်မာစွာ လုပ်ကြံ သတ်ဖြတ်မှုကြောင့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်တွင် အခြားသော လုပ်ဖော်ကိုင်ဖက် တိုင်းပြည် ခေါင်းဆောင် အာဇာနည်ကြီးများ နှင့်အတူ ကျဆုံး ခဲ့ရ ပေသည်။

**သခင် မြ (၁၈၉၇ - ၁၉၄၇)။**

သခင် မြသည် ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သော ဝန်ကြီး အဖွဲ့တွင် ပြည်ထဲရေး ဝန်ကြီး အဖြစ် တာဝန် ထမ်းဆောင် ခဲ့သည်။

ကွယ်လွန်သူ အမျိုးသား အာဇာနည် ခေါင်းဆောင်ကြီး သခင်မြသည် ပြည်မြို့နယ် ထုံးဘိုရွာ ဇာတိ ဖြစ်သည်။ အဖ ဦးဘိုးချွန်နှင့် အမိ ဒေါ်သက်လယ် တို့မှ ၁၈၉၇ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ဖွားမြင်သည်။ ငယ်နာမည် မောင်ဘရွှေ ဖြစ်သည်။ နမ မမြငွေ တဦးသာ ရှိ၍ နောင်အခါ သီလရှင် ဝတ်သွားပြီး ဒေါ်ခေမာဝတီ ဖြစ်လာ ခဲ့သည်။ သာယာဝတီ အေဘီအမ် ကျောင်းမှ သတ္တမတန်း အောင်ပြီး ဆယ်တန်းကို ရန်ကုန် ဘက်ပတစ် အထက်တန်း ကျောင်းမှ အောင်သည်။ ၁၉၁၈ ခုနှစ်တွင် ရန်ကုန် ကောလိပ်နှင့် ကာလတ္တား တက္ကသိုလ် တို့မှ အိုင်အက်စ်စီ တန်းကို ဓာတုဗေဒ ဂုဏ်ထူးဖြင့် အောင်သည်။ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ် သပိတ်မှောက် ကောင်စီတွင် ဒုတိယ ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ ယင်း သပိတ်နောက် ပေါ်လာသော အမျိုးသား ပညာရေး ကောင်စီ တွင်လည်း အဖွဲ့ဝင် တဦး ဖြစ်ရုံမက ကြည့်မြင်တိုင် အမျိုးသား အထက်တန်း ကျောင်းအုပ်လည်း လုပ်ခဲ့ ဖူးသည်။ ၁၉၂၄ ခုနှစ်တွင် ဘီအက်စ်စီတန်းကို ဓာတုဗေဒ ဂုဏ်ထူးဖြင့် အမျိုးသား ကောလိပ်မှပင် အောင်သည်။ ၁၉၂၆ ခုနှစ်တွင် ဒေါ်ခင်ညွန့်နှင့် လက်ထပ်သည်။

၁၉၂၇ ခုနှစ်တွင် ဥပဒေ ဝိဇ္ဇာဘွဲ့ အောင်ပြီးသော အခါ သာယာဝတီသို့ ပြန်၍ ရှေ့နေ အလုပ်ဖြင့် အသက် မွေးသည်။ ၁၉၃၀ ပြည့်နှစ် တောင်သူ လယ်သမား အရေးတော်ပုံတွင် အရေးတော်ပုံ သားများ ဘက်မှ ရှေ့နေ လိုက်ရာမှ ထင်ရှား လာသည်။ ၁၉၃၆ ခုနှစ် ရောက်သော် တို့ဗမာ အစည်းအရုံး ဝင်ရာမှ သခင် ဖြစ်လာပြီး သခင်မြဟု ထင်ရှား လာခဲ့သည်။ ထို့နောက် တို့ဗမာ အစည်းအရုံး၏ ကိုယ်ပွား ဖြစ်သော 'ကိုယ်မင်း ကိုယ်ချင်း အဖွဲ့' ၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ ကိုယ်မင်း ကိုယ်ချင်း အဖွဲ့၏ တာဝန် ပေးချက် အရ သာယာဝတီ တောင်ပိုင်းမှ အမတ် အဖြစ် ဝင်ရောက် ယှဉ်ပြိုင်ရာ အရွေး ခံရ၍ ၉၁ ဌာနခေတ် ဥပဒေပြု လွှတ်တော် အမတ် ဖြစ်လာသည်။ ထို့ကြောင့် ဥပဒေပြု လွှတ်တော် အတွက် ပထမဆုံး အရွေးခံ ရသော သခင် အမတ် သုံးဦး အနက် တစ်ဦး အပါအဝင် ဖြစ်ခဲ့သည်။ ထိုသို့ အမတ် အဖြစ် အရွေးခံ ရသော်လည်း အင်္ဂလိပ် နယ်ချဲ့ အုပ်စိုးမှုကို ဆန့်ကျင်သည့် အနေဖြင့် အမတ်လစာ မယူသည့် သခင်အမတ်တစ်ဦးလည်း ဖြစ်သည်။

ပြည်သူ့ အရေးတော်ပုံပါတီ ဖွဲ့သော အခါတွင် ဗိုလ်ချုပ်အောင်ဆန်းက ပြည်ပ ဆက်သွယ်ရေး တာဝန် ယူပြီး သခင်မြက ပြည်တွင်း ခေါင်းဆောင် တာဝန် ယူခဲ့ ရသည်။ ၁၉၄၁ ခုတွင်မူ တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ အဖြစ် တင်မြှောက် ခံရသည်။ ရဲဘော် သုံးကျိပ် ဂျပန် နိုင်ငံသို့ စစ်ပညာသင် သွားနိုင်ရေး အတွက် စီစဉ် ဆောင်ရွက် ပေးခဲ့ရသူ တဦးလည်း ဖြစ်သည်။ ဒေါက်တာ ဘမော် ဦးဆောင်သော ဂျပန်ခေတ် လွတ်လပ်ရေး အစိုးရ အဖွဲ့တွင် ဒုတိယဝန်ကြီးချုပ် ဖြစ်သည်။ ဖက်ဆစ် တော်လှန်ရေး အတွက် ဖတပလကို ဖွဲ့သော အခါ ပြည်သူ့ အရေးတော်ပုံ ပါတီကို ကိုယ်စားပြု၍ သခင်မြလည်း ပါဝင် ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ပြည်သူ့ အရေးတော်ပုံ ပါတီကို မြန်မာပြည် ဆိုရှယ်လစ် ပါတီဟု ပြင်ဆင် ဖွဲ့စည်းသောအခါ သခင်မြပင် ဥက္ကဋ္ဌ ဖြစ်လာသည်။ စစ်ပြီးစ ဖဆပလ အဖွဲ့၏ ဗဟို အလုပ်အမှုဆောင် တဦးလည်း ဖြစ်ခဲ့သည်။ စစ်ပြီးခေတ် ဗိုလ်ချုပ် အောင်ဆန်း ဦးစီးသော ကြားဖြတ် အစိုးရ အဖွဲ့တွင် ဘဏ္ဍာရေးနှင့် အခွန်တော် ဌာန ဝန်ကြီး တာဝန်များ ယူခဲ့ရ သူလည်း ဖြစ်သည်။ ထို့နောက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး ကော်မတီ ဥက္ကဋ္ဌနှင့် တိုင်းပြု ပြည်ပြု လွှတ်တော် ယာယီ သဘာပတိ တာဝန်များ အပေး ခံရသည်။ အောင်ဆန်း - အက်တလီ စာချုပ် ချုပ်ဆိုရန် ဗိုလ်ချုပ်

အောင်ဆန်း ခေါင်းဆောင်သည့် လန်ဒန်သွား မြန်မာကိုယ်စားလှယ် အဖွဲ့တွင်လည်း ပါဝင် ခဲ့သည်။ လယ်သီးစား ဥပဒေ ဋီကာ ကိုလည်း ရေးသား ခဲ့သေးသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြား ခေါင်းဆောင်ကြီးများ နှင့်အတူ မသမာ သူတို့ လက်ချက်ဖြင့် ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့၊ နံနက် ၁၀ နာရီ၊ ၃၇ မိနစ်တွင် အသက် ဆုံးရှုံး ခဲ့ရရှာသည်။

**ဦးဘချို (၁၈၉၃ - ၁၉၄၇)။**

ဒီးဒုတ် ဦးဘချိုမှာ မြောင်းမြ ဇာတိ ဖြစ်သည်။ အဖ မြန်မာဆေးဆရာကြီး ဦးဘိုးစာနှင့် အမိဒေါ်မြစ် တို့မှ ၁၈၉၃ ခု ဧပြီလ ၂၄ ရက်နေ့တွင် ဖွားမြင်သည်။ အသက် ၁၄ နှစ်တွင် မြောင်းမြမြို့ ဆရာ ဦးမောင်မောင် ကျောင်းမှ သတ္တမတန်းကို အထူး အောင်၍ စကောလားရှစ် ပညာသင်ဆု ရရှိ ခဲ့သည်။ ထိုနောက် ရန်ကုန်မြို့ရှိ စိန့်ပေါလ်ကျောင်းတွင် ဆက်လက် ပညာ သင်ယူရာ ၁၀ တန်းကို အထူး အောင်သောကြောင့် ပညာသင်ဆု ထပ်ရသည်။ ရန်ကုန် တက္ကသိုလ်တွင် ဘီအေ အထက်တန်း တက်နေဆဲ မျက်စိ ရောဂါကြောင့် တက္ကသိုလ်မှ ထွက်ခဲ့ရသည်။ ပေါင်းတည်နှင့် ဟင်္သာတ မြို့များတွင် အစိုးရ ကျောင်းဆရာ အဖြစ် အမှုထမ်းခဲ့သည်။ ပညာအုပ်လည်း လုပ်ခဲ့ ဖူးသည်။ ၁၉၂၀ တွင် ဒေါ်လှမေနှင့် လက်ထပ်သည်။ အမျိုးသား ကျောင်းများ ဖွင့်လာသော အခါ အစိုးရဝန်ထမ်းအဖြစ်မှ ထွက်ပြီး အမျိုးသားကောလိပ်တွင် မြန်မာစာ ဆရာ ဝင်လုပ်သည်။ အစိုးရ အထောက်အပံ့ မယူသော အမျိုးသား ကျောင်းဆရာလည်း လုပ်ခဲ့ ဖူးသည်။ တပတ် တကြိမ်ထုတ် 'မြန်မာ့ ရီပျူးဂျာနယ်' ကို အယ်ဒီတာချုပ် အဖြစ် ဦးစီး ထုတ်ဝေ ခဲ့သည်။ ထိုနောက် 'ဒီးဒုတ် ဂျာနယ်' ကို ၁၉၂၅ ခုနှစ်တွင် ဦးစီး ထုတ်ဝေရာတွင် ဒီးဒုတ် ဦးဘချိုဟု ထင်ရှား လာသည်။

ဆရာကြီးသည် အင်္ဂလိပ် - မြန်မာနှင့် ပါဠိစာပေများတွင် နံ့စပ်ပြီး ဆေးကျမ်း၊ ဗေဒင်၊ နက္ခတ်နှင့် အင်္ဂရပ် ပညာများကိုလည်း လိုက်စား ခဲ့သည်။ မြန်မာ သီချင်း ကြီးကိုလည်း စည်းစနစ် ကျစွာ တတ်မြောက်သူ တဦးဖြစ်သည်။ တူရိယာ၊ ကဗျာ၊ ဂီတကို မြတ်နိုးပြီး စောင်းကောက်ကိုလည်း ပိုင်နိုင်စွာ တီးတတ်သည်။ မြန်မာ သီချင်းကြီး သီချင်းခန့် များကို မှုမှန် အတိုင်း ဖြစ်စေရန် 'ဂီတဝိသောဓနီ' ကျမ်းကိုလည်း တည်းဖြတ် ခဲ့သည်။ ၁၉၃၈ ခုနှစ် အတွင်း ဒီးဒုတ် နေ့စဉ် သတင်းစာကို ထုတ်ဝေ ခဲ့သည်။ ဆရာကြီးသည် သတင်းစာ ဆရာ၊ အယ်ဒီတာ၊ စာရေးဆရာ စသည့် စာပေ သမား တဦး အနေဖြင့် ပြည်သူလူထု နိုင်ငံရေး အသိတရား နိုးကြားစေသည့် စာပေ များကိုလည်း ရေးသား ခဲ့သည်။ အင်္ဂလိပ်တို့ ပေးသော ဒိုင်အာခီအုပ်ချုပ်ရေးနှင့် ဧဥဒါနအုပ်ချုပ်ရေး တို့ကို ဆန့်ကျင် ခဲ့သည်။

ဖေဘီယန် (Fabian) ပါတီ ကိုလည်း တည်ထောင် ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် တာဝန် ယူခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌလည်း ဖြစ်ခဲ့သေးသည်။ ၁၉၃၆ ခုနစ် တက္ကသိုလ် သပိတ်မှောက်ကျောင်းသားများ စောင့်ရှောက်ရေး အဖွဲ့ဝင် တဦးလည်း အဖြစ်လည်း တာဝန် ယူခဲ့သည်။ ဂျပန်ခေတ် အဓိပတိ ဒေါက်တာ ဘမော် အစိုးရ လက်ထက်တွင် အတိုင်ပင်ခံ လွှတ်တော် အမတ် အဖြစ် ထမ်းဆောင် ခဲ့သည်။ စာရေး ဆရာ အသင်း နယကလည်း ဖြစ်သည်။ မြန်မာနိုင်ငံ လုံးဝ လွတ်လပ်ရေး ရရှိ ကြိုးပမ်းရန် အတွက် ဖဆပလ အဖွဲ့ချုပ် ဖွဲ့စည်းသော အခါ ဝင်ရောက် ဆောင်ရွက်သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ ကြားဖြတ် အစိုးရ အဖွဲ့တွင် ပြန်ကြားရေး ဝန်ကြီး အဖြစ် တာဝန် ယူခဲ့သည်။ တိုင်းပြု ပြည်ပြု လွှတ်တော်တွင် မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး ကော်မတီ အဖွဲ့ဝင် အဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ တို့နှင့် အတူ အထူး အပင်ပန်းခံ၍ ဆောင်ရွက် ခဲ့သည်။ ချင်းပြည်နယ် ထီးလင်း မြို့တွင် ကျင်းပသော ချင်း - ဗမာ ချစ်ကြည်ရေး ကျောက်တိုင် ဖွင့်ပွဲ အခမ်းအနားသို့ ဗိုလ်ချုပ် အောင်ဆန်း ကိုယ်စား အဖြစ်လည်းကောင်း၊ ပြန်ကြားရေး ဝန်ကြီး အနေဖြင့် လည်းကောင်း တက်ရောက် ခဲ့သည်။

၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်၊ နံနက် ၁၀ နာရီ၊ ၃၇ မိနစ်တွင် အခြား ခေါင်းဆောင်ကြီးများ နှင့်အတူ လုပ်ကြံ ခံရပြီး၊ မွန်းလွဲ ၁ နာရီ ၄၅ မိနစ် အချိန်တွင် ကွယ်လွန်သည်။

**ဦးရာဇတ် (၁၈၉၈ - ၁၉၄၇)။**

အမျိုးသား အာဇာနည် ခေါင်းဆောင်ကြီး ဦးရာဇတ်သည် အငြိမ်းစား တိုက်ပိုင် အင်စပက်တော် မစ္စတာ အေရာမန်နှင့် ဒေါ်ညိမ်းလှ တို့၏ သားဖြစ်သည်။ ဆရာကြီးကို မိတ္ထီလာ၌ ၁၈၉၈ ခုနှစ် ဇန်နဝါရီ ၁၉ ရက်နေ့တွင် ဖွားမြင်သည်။ မန္တလေး စက်စလီ ယောက်ျားလေးကျောင်းမှ ဆယ်တန်းကို ပါဠိ၊ အင်္ဂလိပ်စာ ဂုဏ်ထူးတို့ဖြင့် အောင်မြင်ခဲ့သည်။

တက္ကသိုလ်တွင် ပညာ သင်နေစဉ် ၁၉၂၀ ပြည့်နှစ် တက္ကသိုလ် သပိတ်တွင် ပါဝင် ခဲ့သည်။ အစ္စလာမ် ဘာသာ ကိုးကွယ်သည်။

၁၉၂၁ ခုတွင် မန္တလေး ဗဟိုအမျိုးသားအထက်တန်း ကျောင်းကြီးကို ဦးစီး ဖွင့်လှစ်ခဲ့ပြီး ထိုကျောင်း၌ အထက်တန်းပြဆရာ လုပ်သည်။ ၁၉၂၂ ခုတွင် အမျိုးသား ပညာရေး အဖွဲ့ကြီး၏ ဘီအေ စာမေးပွဲကြီးကို အောင်ခဲ့၍ အေရာဇတ် ဘီအေ (နယ်ရှင်နယ်) အမည် ခံခဲ့သည်။ ၁၉၂၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်တိုင် ဗဟို အမျိုးသား အထက်တန်း ကျောင်းတွင် ကျောင်းအုပ်ဆရာကြီး အဖြစ် ထမ်းရွက်ခဲ့သည်။ ဗဟိုအမျိုးသားအထက်တန်း ကျောင်းအုပ် အဖြစ် ဆောင်ရွက်စဉ် ရဲညွန့်တပ် ဖွဲ့စည်းပြီး ကျောင်းသား လူငယ် များကို စစ်ပညာသင်ပေးရုံမက မျိုးချစ်စိတ်လည်း သွင်းပေးသည်။ ၁၉၃၈ ခုတွင် ရွှေဘိုသူ ဒေါ်ခင်ခင်နှင့် လက်ထပ်သည်။ ၁၉၄၅ ခုနှစ်တွင် စစ်အတွင်းက ပိတ်ထား ခဲ့ရသော အမျိုးသား ကျောင်းကြီးကို ပြန်လည် ဖွင့်လှစ်သော အခါ အမျိုးသား ကျောင်းတွင် ဆရာ ပြန်လုပ်သည်။ အထက် မြန်မာ နိုင်ငံလုံး ဆိုင်ရာ ဖဆပလ အဖွဲ့ ဥက္ကဋ္ဌလည်း ဖြစ်လာသည်။ ဗမာမွတ်စလင် ကွန်ဂရက် (ဗ.မ.က) ဥက္ကဋ္ဌလည်း ဖြစ်ခဲ့သည်။ မြန်မာ နိုင်ငံ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး ကော်မတီဝင် တဦးလည်း ဖြစ်သည်။ ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်သော ကြားဖြတ် အစိုးရ အဖွဲ့တွင် ပညာရေးနှင့် အမျိုးသား စီမံကိန်း ဌာန ဝန်ကြီး အဖြစ် တာဝန် ယူနေစဉ် အခြား ခေါင်းဆောင်ကြီးများ နှင့်အတူ မသမာသူ တို့၏ လက်ချက်ဖြင့် ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက် စနေနေ့၊ နံနက် ၁၀ နာရီ၊ ၃၇ မိနစ်တွင် လုပ်ကြံ ခံရပြီး အသက် ဆုံးရှုံး ခဲ့သည်။

**မန်းဘခိုင် (၁၉၀၃ - ၁၉၄၇)။**

ကရင် အမျိုးသား အာဇာနည် ခေါင်းဆောင်ကြီး မန်းဘခိုင်သည် ဟင်္သာတမြို့နယ် ယုန်တလင်းရွာ ဇာတိ ဖြစ်သည်။ အဖ ယုန်တလင်း ရွာသူကြီး မန်းပေကုန်းနှင့် အမိ ဒေါ်ပု ဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၀၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်ဖြစ်သည်။ ဟင်္သာတမြို့ အေဘီအမ် ကျောင်းတွင် ပညာ သင်ယူ ခဲ့ရာ ၁၉၂၀ ပြည့်နှစ်တွင် သတ္တမတန်း အောင်သည်။ ကရင်ဘာသာသင်ကျောင်း တစ်ကျောင်းကို ဦးစီးဖွင့်လှစ်ခဲ့သူတစ်ဦး ဖြစ်သည်။ ၁၉၃၇ ခုတွင် ပုသိမ် မြောက်ပိုင်းမှ အမတ် အဖြစ် အရွေး ခံရသည်။ ၁၉၃၈ ခုတွင် ပဲခူးသူ ဒေါ်ခင်နီနှင့် လက်ထပ်သည်။ ၁၉၄၁ ခုတွင် တရားရေး ဌာန အတွင်းဝန် ဖြစ်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးတွင်လည်း ပါဝင်ခဲ့ရုံမက ကရင် - ဗမာ ချစ်ကြည်ရေးကို အထူး ဆောင်ရွက်ခဲ့သူ တစ်ဦးလည်း ဖြစ်သည်။ စစ်ပြီး ခေတ်တွင် ဖဆပလ ဗဟိုအမှုဆောင် လူကြီးတစ်ဦး ဖြစ်လာသည်။ ကရင်လူငယ်များအစည်းအရုံး ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ် အစိုးရ အဖွဲ့တွင် စက်မှုလက်မှုနှင့်အလုပ်သမားဝန်ကြီး ဌာန ဝန်ကြီးလည်း ဖြစ်သည်။ ဗိုလ်ချုပ် အောင်ဆန်း နှင့်အတူ လုပ်ကြံ ခံရ၍ ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့တွင် ကွယ်လွန် ခဲ့သည်။

**မိုင်းပွန် စော်ဘွားကြီး စပ်စံထွန်း (၁၉၀၇ - ၁၉၄၇)။**

မိုင်းပွန် စော်ဘွားကြီး စပ်ခွန်ထီးနှင့် မြောက်နန်းဆောင် မဟာဒေဝီ နန်းစိန်ဥ တို့၏ သား စပ်စံထွန်းသည် ၁၉၀၇ မေလ ၃၁ ရက်နေ့ဖွား ဖြစ်သည်။ တောင်ကြီးမြို့ ရှမ်းစော်ဘွား သားများ အထက်တန်း ကျောင်းမှ ဆယ်တန်း အောင်သည်။ မန္တလေး ပုလိပ် အတတ်သင် ကျောင်းလည်း တက်ခဲ့ ဖူးသည်။ ထို့နောက် ပုလိပ် အရာရှိ အဖြစ် ခေတ္တ အမှု ထမ်းခဲ့သည်။ ၁၉၂၈ ခုတွင် စော်ဘွား အဖြစ် ခံယူ လိုက်၍ မိုင်းပွန် စော်ဘွားကြီး ဖြစ်လာသည်။ ၁၉၃၂ ခုတွင် မိုးမိတ် စော်ဘွားကြီး၏ သမီး စပ်ခင်သောင်းနှင့် လက်ထပ်သည်။ ရှမ်းပြည်နယ်တွင် သိပ္ပံနည်းကျ စိုက်ပျိုးရေး လုပ်ငန်းများ ထွန်းကား လာစေရန် ကြိုးပမ်း ခဲ့သူ တဦးလည်း ဖြစ်သည်။ အင်္ဂလန် နိုင်ငံမှ စိုက်ပျိုးရေး ဆိုင်ရာ ခေတ်မီ စာအုပ်များ၊ ကိရိယာ တန်ဆာ ပလာများနှင့် သီးနှံ မျိုးစေ့များ ကိုပင် မှာယူ ခဲ့ဖူးသည်။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီး၍ အင်္ဂလိပ်များ မြန်မာ နိုင်ငံသို့ ပြန်ဝင် လာသော် ယင်းနှင့် အတူ ပါလာသော စဏ္ဍာပြူ အုပ်ချုပ်ရေးကို ဆန့်ကျင် ခဲ့သူ ဖြစ်သည်။ တောင်တန်းနှင့် မြေပြန့် သွေးခွဲ၍ အုပ်ချုပ် သည်ကို မလိုလား၍ မြေပြန့်နှင့် တောင်တန်း စည်းလုံး ညီညွတ်ရေး အတွက် လုံးပမ်းခဲ့သူ ဖြစ်သည်။ ထို့ကြောင့်လည်း ပင်လုံ စာချုပ်ကို လက်မှတ် ရေးထိုး ခဲ့သည့် စော်ဘွားလည်း ဖြစ်သည်။ ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်သော ကြားဖြတ် အစိုးရ အဖွဲ့တွင် အတိုင်ပင်ခံ တောင်တန်း ဒေသရေးရာ ဝန်ကြီး ဖြစ်လာသည်။ ထို့ပြင် တိုင်းပြု ပြည်ပြု လွှတ်တော်၏ ပြည်ထောင်စုနှင့် ပြည်နယ် ဆိုင်ရာ ဆပ် ကော်မတီ၊ လူနည်းစု ဆိုင်ရာ ဆပ် ကော်မတီ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး ကော်မတီ များတွင် အဖွဲ့ဝင်လည်း ဖြစ်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉

ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်း တို့နှင့် အတူ လုပ်ကြံ ခံရပြီး၊ ဇူလိုင်လ ၂၀ ရက်၊ မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန် ခဲ့သည်။

**ဦးဘဝင်း (၁၉၀၁ - ၁၉၄၇)။**

နတ်မောက်မြို့ ရှေ့နေ ဦးဖာ၊ ဒေါ်စုတို့၏ သားသမီး ၉ ယောက် အနက် ဦးဘဝင်းသည် အကြီးဆုံးသား ဖြစ်သည်။ ဗိုလ်ချုပ် အောင်ဆန်း၏ အစ်ကို အကြီးဆုံး ဖြစ်ပြီး၊ ၁၉၀၁ ခု၊ ဇွန်လ ၁၁ ရက်နေ့တွင် ဖွားမြင်သည်။ ၁၉၁၄ ခုတွင် နတ်မောက် အလယ်တန်း ကျောင်းမှ သတ္တမတန်း အောင်သည်။ မြန်မာလို ကိုးတန်း အောင်ပြီးနောက် အလယ်တန်း ဆရာဖြစ် စာမေးပွဲလည်း အောင်သော အခါ နတ်မောက်၌ပင် ကျောင်းအုပ် ခေတ္တ လုပ်သည်။ ထို့နောက် ရေနံချောင်း၌ ကျောင်းဆရာ၊ ဘီအိုစီ စာရေး ဘဝဖြင့် ကျင်လည်ရင်း အင်္ဂလိပ်စာ အလွတ် ပညာသင်ကျောင်း တက်သည်။ ၁၉၂၄ ခုတွင် ရေနံချောင်း အမျိုးသား အထက်တန်း ကျောင်းမှ ဆယ်တန်းကို သုံးဘာသာ ဂုဏ်ထူးဖြင့် အောင်ရုံမက ပထမလည်း ရသည်။ ၁၉၂၉ ခုတွင် ရန်ကုန် တက္ကသိုလ်မှ သချၤာ ဂုဏ်ထူးတန်း အောင်၍ ဘီအက်စ်စီ ဘွဲ့ရသည်။ ပထမဆုံး တက္ကသိုလ် ဘွဲ့ရ နတ်မောက်သားလည်း ဖြစ်သည်။ ဘွဲ့ရပြီးနောက် ရေနံချောင်း အမျိုးသား အထက်တန်း ကျောင်းတွင် အထက်တန်းပြ ဆရာ အဖြစ် လည်းကောင်း၊ ဖြူးမြို့ အမျိုးသား အထက်တန်း ကျောင်းတွင် အထက်တန်း ကျောင်းအုပ် အဖြစ်လည်းကောင်း ဆောင်ရွက် ခဲ့သည်။ ၁၉၃၅ ခုတွင် တောင်တွင်းကြီး မြို့မှ ဦးစံ၊ ဒေါ်ရွှေမေ တို့၏ သမီး ဒေါ်ခင်စောနှင့် လက်ထပ်သည်။ စစ်ပြီးခေတ်တွင် ရေနံချောင်း မြို့နယ် ဖဆပလ ဥက္ကဋ္ဌ ဖြစ်လာသည်။ ၁၉၄၇ ခုနှစ်တွင် ထောက်ပံ့ရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီး အဖြစ် တာဝန် ထမ်းဆောင်သည်။ တိုင်းပြု ပြည်ပြု လွှတ်တော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး ကော်မတီ တွင်လည်း ပါဝင် ခဲ့သည်။ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့၊ နံနက် ၁၀ နာရီ၊ ၃၇ မိနစ် အချိန်တွင် လုပ်ကြံ ခံရပြီး ကွယ်လွန်သည်။

**ဦးအုန်းမောင် (၁၉၁၃ - ၁၉၄၇)။**

ဦးအုန်းမောင်သည် မင်းဘူးမြို့ မစ္စတာ အိပ်ချ်ဒဗလျူတရပ်(တ်)ဝန်း၊ ဒေါ်ရွှေမြင့် တို့၏ ဒုတိယသား ဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၁၃ ခု၊ ဖေဖော်ဝါရီလ ၂ ရက် ဖြစ်သည်။ တက္ကသိုလ် ကျောင်းသား ဘဝက ရန်ကုန် တက္ကသိုလ် တပ်ရင်းတွင် တပ်ခွဲ တပ်ထောက် အဖြစ် ဆောင်ရွက် ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်း အောင်သည်။

၁၉၃၇ ခုတွင် အိုင်စီအက်(စ်) စာမေးပွဲ ဖြေသူ ၃ ဦး အနက် ပထမ ရသည်။ ၁၉၃၉ ခုတွင် မန္တလေးမြို့၊ အရှေ့နယ်ပိုင် ဝန်ထောက် အဖြစ် ဆောင်ရွက် ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် မြစ်ကြီးနား အရေးပိုင် အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ထို့နောက် လမ်းပန်း ဆက်သွယ်ရေး အတွင်းဝန် အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့ စနေနေ့၊ နံနက် ၁၀ နာရီ၊ ၃၇ မိနစ်တွင် လုပ်ကြံ ခံရသည်။

**ရဲဘော် ကိုထွေး (၁၉၂၉ - ၁၉၄၇)။**

မန္တလေးမြို့ တောင်ပြင် သိပ္ပံရပ် ပင်စင်စား လယ်ယာ စိုက်ပျိုးရေး ဝန်ထောက် ဦးကိုကိုလေး၊ ဒေါ်မင်းရီ တို့၏ ဆဋ္ဌမမြောက် သားဖြစ်သည်။ နဝမတန်း အထိ ပညာ သင်ကြား ခဲ့သည်။ အသက် ၁၈ နှစ် အရွယ်တွင် ပညာရေး ဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့် အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အာဇာနည် ခေါင်းဆောင်ကြီး များကို လုပ်ကြံသော မသမာ သူတို့၏ လက်ချက်ဖြင့် ကျဆုံး ရသည်။



# အာဇာနည်နေ့ ဒို့မမေ့

မိုးသီးဇွန်



နအဖ စစ်အစိုးရတက်လာကတည်းက ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်တွေရဲ့ သမိုင်းကို တဖြေးဖြေးနဲ့ ဖျောက်ဖျက်လာပါတယ်။ ခုဆိုအာဇာနည်နေ့ဟာ ကလေးသူငယ်တွေ လူငယ်တွေရဲ့ နှလုံးသားထဲက နေ တစတစ ကွယ်ပျောက်စပြုလာနေပါပြီ။ ဒီ အချက်ကို ကျနော်တို့ သတိထားရပါမယ်။ဗိုလ်ချုပ်အောင်ဆန်း သမိုင်းကို ဖျောက်ဖျက်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်း ဓါတ်ပုံတွေကို ငွေစက္ကူ နဲ့ ရုံးတွေ က နေထုတ်ပယ်လာတယ်။ အာဇာနည်နေ့ကို နိုင်ငံတော်က ခန်းခန်းနားနား မလုပ်တော့ပဲ -သာမန် အခန်းနားတခုလောက်ပဲ ဝတ်ကြေ တန်းကြေလုပ်လာတယ်။ အာဇာနည်နေ့မှာ ဗိုလ်ချုပ် အောင်ဆန်း မိန့်ကိုမထုတ်လွှင့်တော့ပါဘူး။ ကုန်ကုန်ပြောရ ရင် အာဇာနည်ကြီးတွေကို လွှမ်းသု ပန်းခွေ ချတာ သည်ပင်လျှင် ရာဇာဝတ်မှုတခုလို သတ်မှတ်ခံလာ ရခြင်းဖြစ်ပါတော့တယ်။

နအဖ က အာဇာနည် တွေရဲ့ သမိုင်းကို ဘာကြောင့်ဖျောက်နေပါသလဲ ။ တချို့က ပြောကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းပြောရင် ဒေါ်အောင်ဆန်း စုကြည် အကြောင်းကို ပြောသလိုဖြစ်နေ တယ်။ ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုရင် ဒေါ်အောင်ဆန်း စုကြည်ကို ဂုဏ်ပြုနေသလိုဖြစ်နေမယ်။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်း သမိုင်း ကို ဖျောက်ဖျက်ခြင်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည် ကိုဖျောက်ဖျက်ခြင်းလို့ ဆိုပါတယ်။ ဒါဟာ မှန်ပါတယ်။

တကယ်အနှစ်သာရက တော့ ဒီထက်ကိုပိုပြီ လေးနက်နေပါတယ်။ အာဇာနည်တွေရဲ့ သမိုင်းဟာရဲ့ သမိုင်းဟာ လွတ်လပ်ရေး သမိုင်းဖြစ် နေတယ်။ အာဇာနည်ကြီးတွေ သမိုင်းကို ဖျောက်ဖျက်နေရတာ ဆိုတာ လွတ်လပ်မှု ကိုဖျောက်ဖျက်နေခြင်းပဲလို့ ဆိုရပါလိမ့်မယ်။

အာဇာနည်တွေရဲ့ သမိုင်းကိုဖျောက်ဖျက်နေတာဟာ အာဇာနည်ကြီးတွေမျှော်မှန်းခဲ့တဲ့ ပိုမိုကောင်း မွန်တဲ့ ကျနော်တို့ အနာဂတ်ကို ဖျောက်ဖျက်ခြင်းပဲဖြစ်ပါတယ်။

နအဖ လက်အောက်မှာ ကျနော်တို့ အနာဂတ်နဲ့ လွတ်လပ်မှုဟာ ဖျောက်ဖျက်ခံနေရပြီမဟုတ်ပါလား။

**အာဇာနည်နေ့ ရဲ့ အနှစ်သာရ က ဘာလဲ**

လွတ်လပ်ရေးပြန်လည် ရနိုင်ဖို့ အတွက် ဗိုလ်ချုပ်အောင်ဆန်း နဲ့ အာဇာနည်ကြီးတွေ အသက်ပေးပြီး ကြိုးပန်းခဲ့ကြပါတယ်။ အာဇာနည်ကြီးတွေထဲမှာ တိုင်းရင်းသားခေါင်း ဆောင်ကြီး တွေပါပါဝင်နေခြင်းက အလွန်ထူးခြားနေပါတယ်လွတ်လပ်ပြီး မြန်မာပြည်ကို အာဇာနည်ကြီးတွေ က ဒီမိုကရေစီရှိတဲ့၊ တိုင်းရင်းသား အခွင့်အရေး တွေရှိတဲ့ ဒီမိုကရေစီ ပြည်ထောင်စုကြီးတည်ဆောက်ဖို့ သံဓိဌာန်ရှိခဲ့ကြပါတယ်။

အချက်ကို ပင်လုံ ညီလာခံ က သဘောတူညီချက်တွေကို ကြည့်ရင်ထင်ရှားပါတယ်။ လွတ်လပ်ပြီးမြန်မာ နိုင်ငံတော်ဟာ ပါလီမန် ဒီမိုကရေစီစနစ် ကို ကျင့်သုံးမှာဖြစ်ပြီး တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်ပြဌာန်းခွင့်တွေ ရရှိကြမှာ ဖြစ်ပါတယ်။ ဒါဟာ အာဇာနည်ကြီးတွေရဲ့ အဓိက မျော်မှန်းချက်ဖြစ်နေပါတယ် ။

ဒါဟာ အာဇာနည်နေ့ရဲ့ ထူးခြားချက်။
ဒါဟာ အာဇာနည်နေ့ရဲ့ အနှစ်သာရ။
ဒါဟာအာဇာနည်နေ့ရဲ့ သမိုင်း လို့ ပြောရမှာဖြစ်ပါတယ်။

ပင်လုံညီလာခံက ရရှိခဲ့တဲ့ သဘောတူညီချက်တွေအပေါ်မှာ ၁၉၄၇ ခုနှစ်အခြေခံဥပဒေကို ရေးဆွဲခဲ့ကြတာဖြစ်ပါတယ် ။ ၁၉၄၇ ခုနှစ်အခြေခံဥပဒေဟာ ပြီးပြည့်စုံတဲ့အခြေခံ ဥပဒေ အကောင်းတကာ့အကောင်းဆုံး အခြေခံဥပဒေကြီးတခုလို့ ကျနော်မပြောလိုပါဘူးပိုမိုကောင်းမွန်လာအောင်ပြုပြင်နိုင်ခွင့် ရှိနေပါတယ်။ ပြင်ဆင်ချက်- Amendment ဆိုတာက အခြေခံဥပဒေတိုင်းမှာ လို ပါဝင်ပါတယ်။ က မ္ဘာကျော် အမေရိကန် အခြေခံဥပဒေ ဟာလည်း အကြိမ်ပေါင်း နှစ်ဒါဇင်ကျော် ပြင်ဆင်ခဲ့ရပါတယ်။ နှစ်ပေါင်းများစွာ ကောင်းသထက်ကောင်းအောင်ပြုလုပ်ခဲ့ကြရတာဖြစ်ပါတယ်။ ဒါဟာအခြေခံဥပဒေရဲ့ သဘာဝပဲဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ မျှော်မှန်းခဲ့တဲ့ တကယ့် အနှစ်သာရ ( Conceptual Foundation) ကတော့ တကယ့်ကို မြန်မာ နိုင်ငံအတွက် လမ်းစဉ်မှန် ကောင်းမြတ်မှု- ( Virtue ) ဖြစ်နေတယ်ဆိုတဲ့အချက်ကတော့ ဘယ်သူမှ ငြင်းလို့ မရပါဘူး။ ဒီအချက်က မြန်မာ လွတ်လပ်ရေးကြိုးပန်းမှု ကြီးတခုလုံးရဲ့ အသက်ဖြစ်နေပါတယ်။

တနည်းအားဖြင့်ပြောရင်တော့ လွတ်လပ်ပြီးမြန်မာနိုင်ငံဟာ အာဏာရှင်စနစ် ကို အခြေမခံ။ ဒီမိုကရေစီနဲ့ တရားမျှတမှု အပေါ်မှာ အခြေခံမယ်ဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ သံဓိဋ္ဌာန် ၊ တနည်းအားဖြင့်ပြောရရင် သူတို့ အသက်သွေးချွေးတွေရဲ ရင်းနှီးပေးလိုက်တဲ့ ကျနော်တို့အတွက် အဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်ပဲဖြစ်ပါတော့တယ်။ ၁၉၆၂ မှာ ဦးနေဝင်းခေါင်ဆောင်တဲ့စစ်တပ်က အာဏာ သိမ်းတယ်။ အာဇာနည်ကြီးတွေမျှော်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ တရားမျှတမှု ပေါ်အခြေခံတဲ့ စနစ်ကိုဖျက်သိမ်း အာဏာရှင်စနစ် ကိုတည်ဆောက်ခဲ့ပါတယ်။ အာဏာ သိမ်းစဉ်က တိုင်းရင်းသားတွေ က ပြည်ထောင်စုကနေ ခွဲထွက်တော့မှာ မို့ အာဏာသိမ်းတာလို့ အကြောင်းပြခဲ့ပါတယ်။ ဒါဟာ အကြောင်းပြ ချက်မျှသာဖြစ်ပါတယ်။ တကယ်ကတော့လွတ်လပ် ရေး၊ ဒီမိုကရေစီရေး၊ တိုင်းရင်းသာ အခွင့်အရေး နဲ့ တရားမျှတမှုတွေကို ဖျက်သိမ်းလိုတာသာဖြစ်ပါတယ်။

ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ကြီးတွေ အကြောင်း ကို ပြောတာဟာ လွတ်လပ်မှု ၊ ဒီမိုကရေစီ အကြောင်းကိုပြောတာ၊ တိုင်းရင်းသားအခွင့်အရေးတွေကို ပြောတာလို့ အဓိပါယ်ထွက်နေပါတယ်။ တနည်းအားဖြင့် ပြောရင်ရင်တော့ အာဇာနည်ကြီးတွေအကြောင်းကို ပြောတာဟာ လူတွေက စစ်အစိုးရအုပ်ချုပ်မှုကို ဆန့်ကျင်ပြီး လွတ်လပ်ရေးနဲ့ ဒီမိုကရေစီအကြောင်းကို ပြော နေကြတာလို့ စစ်အစိုးရက မှတ်ယူလာခြင်းဖြစ်ပါတော့တယ်။ ဒီတော့ အာဇာနည်ကြီးတွေရဲ့ သမိုင်းကို ဖျောက်ဖျက်ဖို့ ကြိုးပမ်းလာကြခြင်းဖြစ်ပါတယ်။

အမေရိကန် နိုင်ငံဟာ ခေတ်မှီနိုင်ငံကြီးဖြစ်နေတာတောင်မှာ နိုင်ငံကိုတည်ဆောက်ခဲ့တဲ့ ခေါင်းဆောင်ကြီးတွေဖြစ်တဲ့ ဂျော့ဝါရှင်တန်၊ သောမတ်ဂျက်ဖါဆင်၊ လင်ကွန်းတို့ အကြောင်းတွေကိုသူတို့ ပြောနေတုံး၊ ရေးနေတုံး ဆွဲနေတုံး ရုတ်ထုတွေထုလုပ်နေတုံးဖြစ်ပါတယ်။ ဘာဖြစ်လို့ သူတို့ ဒီဇတ်လမ်ကို မဆုံးနိုင်အောင် ပြောနေကြပါသလဲ ။ အဖြေ ကတော့ သူတို့ရဲ့ သမိုင်းဟာ အမေရိကန်နိုင်ငံတော်ရဲ လွတ်လပ်မှုနဲ့ ဒီမိုကရေစီသမိုင်းဟာ ဆက်စပ်နေလို့ ဖြစ်ပါတယ်။

ကျနော်တို့ မြန်မာပြည်မှာလည်း နအဖ က အာဇာနည်ကြီးတွေရဲ့ သမိုင်းကို ဖျောက်ဖျက်နေတာတွေကို ရေငုံနှုတ်ဆိတ်နေလို့ မရတော့ပါဘူး။ နအဖ က အာဇာနည်ကြီးတွေရဲ့ ဇတ်လမ်းကို ‘ပြည် ဖုံးကာ ချနေတာကိုခွင့်မပြုသင့်ပါဘူး။ ကျနော်တို့ လုပ်သင့်တာတွေကတော့ အာဇာနည်ကြီးတွေရဲ့ သမိုင်း ။သူရဲကောင်ဆန်တဲ့သူတို့ရဲ စွန့်လွတ်မှုတွေ၊ သူတို့ရဲ မျှော်မှန်းချက်တွေ၊ သူတို့ရဲ့ စေတနာတွေကို ကျနော်တို့ ကလေးတွေကို သိအောင်ပြောနေရမယ်။ ဖေါ်ထုတ်နေရမယ်။ ပုံနှိပ်ခြင်း၊ ဟောပြောချင်း။သီဆိုချင်းတွေနဲ့ မျိုးဆက်များ တဆက်ပြီးဆက် ဂုဏ်ပြု နေရမှာပဲဖြစ်ပါတယ်။

အာဇာနည်ကြီးတွေ
အကြောင်းကို ပြောတာဟာ
လူတွေက စစ်အစိုးရအုပ်ချုပ်မှုကို
ဆန့်ကျင်ပြီး လွတ်လပ်ရေးနဲ့
ဒီမိုကရေစီအကြောင်းကို ပြော နေကြတာလို့
စစ်အစိုးရက မှတ်ယူလာခြင်းသာ
ဖြစ်ပါတော့တယ်။
ဒီတော့ အာဇာနည်ကြီးတွေရဲ့
သမိုင်းကို ဖျောက်ဖျက်ဖို့
ကြိုးပမ်းလာ ကြခြင်းဖြစ်ပါတယ်။

## ဦးတည်ချက်သုံးရပ်

စစ်အာဏာရှင်စနစ် အလုံးစုံချုပ်ငြိမ်းရေး..............................................................ဒို့အရေး

စစ်မှန်သော ဒီမိုကရေစီစနစ် ရှင်သန်ပေါ်ထွန်းရေး.......................................................ဒို့အရေး

အမျိုးသားတန်းတူညီမျှရေး၊သွေးစည်းရေးနှင့် ငြိမ်းချမ်းရေး............................................ဒို့အရေး

# သဘား

ခင်မမမျိုး









ဘာတွေပဲဖြစ်ဖြစ် ကျွန်မရင်ဆိုင်နိုင်ပါတယ်။
တော်လှန်ရေးသမားတယောက်ရဲ့ ဘဝဟာ
ခါးသီးနာကျည်းဖွယ်ရာတွေနဲ့ ပြည့်နှက်နေစမြဲ
ဆိုတာကို ကျွန်မနားလည်တယ်

**(၁)**

အချိန်ကား ဗိုလ်ချုပ်နေဝင်း၏ အိမ်စောင့်အစိုးရကာလ။ တနည်းဆိုသော် ကွန်မြူနစ်ချေမှုန်းရေးကာလ။ ကွန်မြူနစ်ချေမှုန်းရေးသည် အိမ်စောင့်အစိုးရ၏ (ပ) ဦးစားပေး စီမံချက်ဖြစ်သဖြင့် စစ်ဆင်ရေး ကြီးငယ်များက မြန်မာပြည်၏ နေရာအနှံ့တွင် ရှိနေသည်။

နေရာကား ရှမ်းပြည်နယ် နှင့် ဗမာပြည်မ၏ နယ်နိမိတ်သဖွယ် ဖြစ်နေသည့် ပေါင်းလောင်း နန့်ဖာဒေသ။ ထိုဒေသတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ရှမ်းပြည်နယ်တောင်ပိုင်းခရိုင် အခြေစိုက်ထားသည်။ ပေါင်းလောင်းနန့်ဖာဒေသသည် ပါတီဗဟိုဌာနချုပ်ရုံး (PHQ) ရှိနေသော ပဲခိုးရိုးမနှင့် ဆက်သွယ်ရေးကောင်းမွန်သော ဒေသတခုဖြစ်ခြင်း၊ ရပ်စောက်၊ အင်တော၊ ကျောက်ကူ၊ မိုးကုတ်၊ မိုးမိတ် ဒေသများမှတဆင့် တရုတ်ပြည်နယ်စပ်အထိ ဆက်သွယ်ရေး လမ်းကြောင်း ရှိနိုင်ခြင်း စသည်တို့ကြောင့် စစ်ရေးအရ အလွန်အရေးပါသော ဒေသဖြစ်၍ အိမ်စောင့်အစိုးရမှ တောင်ကြီးအခြေစိုက် တပ်မဟာ ဗိုလ်မှူးကြီးသိန်းတုတ်၏ ကြေးစားစစ်တပ်များ ခြေချင်းလိမ်နေသည့် နေရာဖြစ်သည်။ ရန်သူ့ထိုးစစ်များက သဲသဲမဲမဲ၊ မိုးရေများက တဖွဲဖွဲ ဖြစ်နေသည့် အချိန်လည်းဖြစ်သည်။

"မွေးပြီတော့။မွေးပြီ။ ယောကျ်ားလေး "

ရွာမှ လက်သည်အမျိုးသမီး၏ စကားသံအကြားတွင် သူမတကိုယ်လုံး မြောက်တက်သွားသလို ခံစားရသည်။ နာရီပေါင်းများစွာ ခံစားခဲ့ရသည့် နာကျင်မှု၊ ပင်ပန်းမှုများသည် ဘယ်ဆီသို့ ရောက်ကုန်သည်မသိ။

အမျိုးအမည်မသိရသော ခံစားချက်တို့က အစားထိုး ဝင်ရောက်လာခဲ့သည်။ ပီတိဆိုသည်မှာ ဤသည်ကို ခေါ်လေသည်လား မသိ။ မျိုးဆက်သစ်ဆိုသော အသီက ခွန်အားသစ်တို့ကို မွေးဖွားပေးလာသည်။ တော်လှန်ရေး ကာလ၊ တိုက်ပွဲများ ကြားတွင် လူ့လောကထဲ ရောက်လာ သည့် တော်လှန်ရေး မျိုးဆက်။ ပါတီ၏ မျိုးဆက်။

လက်သည်အမျိုးသမီးပေးလာသည့် နီတာရဲ ကလေးလေး အား ပွေ့ချီရင်း ရွာနှင့် မနီးမဝေးတွင် ရဲဘော်တချို့နှင့်အတူ လုံခြုံရေး ကင်းစောင့်နေသည့် ခင်ပွန်းသည်ကို သတိရ လာသည်။ သူသိလျှင် မည်မျှ ဝမ်းသာမည်မသိ။

သူမတို့ပါတီ လက်နက်ကိုင်တော်လှန်ရေး (A/S) သို့ ဆင်းစဉ်ကတည်းက တော်လှန်ရေးထဲသို့ ပြိုင်တူလိုလို ရောက်ခဲ့ကြသည်။ သို့ပေမယ့် ပါဝင်သည့် တပ်ရင်းမတူခဲ့ကြပါ။ ဖူးစာဆုံချင်တော့ ပျဉ်းမနား စစ်မျက်နှာတွင် ဆုံတွေ့ခဲ့ကြသည်။ (၁၉၅၀)၊ စက်တင်ဘာ (၁)ရက်တွင် ဖွဲ့စည်းသော ပြည်သူ့တပ်မတော်တွင် အတူတကွ ပါဝင်ခဲ့ကြသည်။ လက်နက်ကိုင်တော်လှန်ရေး ဒီရေအတက်အကျ တလျှောက်လုံး တိုက်ပွဲအသီးသီးကို ရင်ဆိုင် ဆင်နွှဲခဲ့ကြသည်။ နောက်ပိုင်း ပါတီ၏ တာဝန်ပေးချက်အရ ရှမ်းပြည်နယ်တောင်ပိုင်း ခရိုင် အခြေခံဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

"ကျွန်မသွားမှ ဖြစ်တော့မယ်။ အစစအရာရာ ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

မွေးဖွားပြီးကာစ သွေးနုသားနုဆိုပေမယ့် အသက်အန္တရာယ် လုံခြုံရေးကိုက ပိုဦးစားပေးရသည်။ ရန်သူ့ စစ်ကြောင်းရှောင်ရင်း တောထဲတွင် ဗိုက်နာလာသည်မို့ နီးစပ်ရာ ရွာသို့ ဝင်၍ ကလေးမီးဖွားရခြင်းဖြစ်သည်။ ပြောက်ကျားအဖွဲ့မို့ သူမတို့တွင် လူအင်အား သိပ်မပါလာခဲ့။ ရဲဘော်အချို့က ရွာပြင်တွင် ကျန်ခဲ့ပြီး၊ သူမနှင့် အင်းလေးဒေသသူ ရဲဘော်တယောက်က ရွာတွင်းဝင်လာခဲ့ကြခြင်းဖြစ်သည်။

(၂)

တဲထဲမှ ထွက်လာပြီး မကြာခင်မှာပင် ရွာပြင်မှ သေနတ်သံများကို စတင်ကြားရသည်မို့ သူမတို့နှစ်ယောက် တယောက်မျက်နှာ တယောက်ကြည့်မိကြသည်။ ရွာပြင်မှာ တိုက်ပွဲဖြစ်နေပြီ။ သူမလက်ထဲတွင်က ယနေ့မှ လူ့လောကထဲ ရောက်လာသည့် ကလေးငယ်လေး ရှိနေသည်။ ဘာလုပ်ရမည်နည်း။

အတွေးတို့မဆုံးမီ သူမတို့ထံသို့ ကမျောသောပါး ပြေးလာသော ရဲဘော်တယောက်ကို တွေ့ရသည်။

"ဗိုလ်ဘသိုက်က မှာလိုက်တယ်။ သူတို့ခံပစ်ထားမယ်တဲ့။ ရန်သူတွေ ရွာထဲမရောက်ခင် အမြန်ပြေးပြီး၊ ------ရွာမှာ စောင့်နေပါတဲ့။ အချိန်မရှိဘူး။ ကျွန်တော်တို့ ရွာထဲက ချက်ချင်းထွက်မှဖြစ်မယ်"

ခင်ပွန်းသည် ရဲဘော်ဘသိုက်အတွက် စိုးရိမ်သွားမိသော်လည်း၊ စောဒက မတက်မိတော့။ သူမ၏ ခင်ပွန်းသည်သည် ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သည့် တပ်မှူးကောင်းတယောက်။ စစ်မြေပြင်တွင် တပ်မှူး၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်မို့ သားငယ်လေး ကိုပိုက်၍ သုတ်ခြေတင်ရတော့သည်။ ချိန်းထားသည့်နေရာတွင် အချိန်အတန်ကြာစောင့်ပေမယ့် ကိုဘသိုက်တို့ ရောက်မလာခဲ့။ ရန်သူတပ်များ တောင်ယာမကျန် ရွာဖုန်းဆိုးများကိုပါ ပိုက်စိပ်တိုက်နေခြင်း၊ ပင်မတပ်ဖွဲ့နှင့် အချိန်မှီ ပူးပေါင်းရန်လိုအပ်ခြင်းတို့ကြောင့် ရွာမှ ရင်းနှီးသူ မိသားစုထံတွင် သားလေးအားခဏအပ်နှံ၍ ရှေ့ခရီးဆက်ရသည်။

သိပ်မကြာလိုက်။ ပင်မတပ်ဖွဲ့နှင့် ပေါင်းမိပြီးနောက်ပိုင်း ချစ်ခင်ပွန်းသည်တို့၏ အဖြစ်ဆိုးကို ရင်နင့်ဖွယ် ကြားခဲ့ရသည်။ အဆမတန်အင်အားကြီးမားသည့် ရန်သူ့တပ်များအား ခုခံချေမှုန်းရင်း ဂုဏ်ရောင်ပြောင်စွာ ကျဆုံးခဲ့ကြလေပြီ။ ရန်သူ့တပ်များဝိုင်းကာ လက်နက်ချခိုင်းသည့်ကြားမှ ဒူးမထောက်၊ အညံ့မခံခဲ့။ နောက်ဆုံးအချိန်ထိ လက်နက်ကို စွဲကိုင်ကာ တိုက်ပွဲဝင်သွားခဲ့ကြသည်။ တိုက်ရဲ၊ သေရဲခဲ့ကြသည်။

လုံခြုံရေးအခြေအနေ အတန်ငယ် စိတ်ချရတော့ သားလေးအား ခဏထားခဲ့သည့် ----ရွာသို့ သူမပြန်ဝင်သည်။ မျိုးဆက်သစ်သားငယ်လေးအား သူ့ဖခင်ကဲ့သို့သော တော်လှန်ရေးသားကောင်းတယောက် ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရမည်။

မျှော်လင့်ချက်ကြီးစွာဖြင့် ရွာသို့ရောက်စဉ်မှာပင် အလာကောင်း ပေမယ့် အခါနှောင်းပြီမှန် သိလိုက်ရပြန်သည်။ နေဝင်း၏ ဖက်ဆစ်ကြေးစားစစ်တပ်များ ကမ်းကုန်အောင်ရမ်းကားသွားခဲ့ပြန်လေပြီ။ ရွာကို မီးရှို့ရုံမက ရွာသူရွာသားအများအပြားကိုပင် ရိုက်နှက်ညှဉ်းပန်းခဲ့ကြသည်။ မည်သူမျှဖော်ကောင်မလုပ်ခဲ့ကြ။ ကလေးငယ်ကို လုံခြုံသောနေရာတွင်ဖွက်ထားခဲ့ကြသည်။ ကျေးလက်နေပြည်သူများအား ညှဉ်းပန်းနှိပ်စက်ကာ အိုးအိမ်များကို ဖျက်ဆီးလိုက်လျှင် တော်လှန်ရေးအရှိန်ကို ရိုက်ချိုးနိုင်မည်ဟု ယုတ်မာစွာ ယူဆထားသည့် ကြေးစားစစ်တပ်၏ ပြယုဂ်ကို နာကျည်းဖွယ် တွေ့မြင်ရသည်။

ကြေးစားတပ်များ ရွာမှထွက်သွားပြီးနောက်ပိုင်း အခြေအနေကို စိတ်မချသည်နှင့် သူမကလေးအား စောင့်ရှောက်ထားသော မိသားစုသည် ပင်းတယဒေသသို့ ပြောင်းရွှေ့သွားကြောင်း ကြားသိရပြန်သည်။ ကြေးစားတပ်အန္တရာယ်ကိုကြောက်၍ ရွာအမည်အား ပြောမထားခဲ့။ ကလေးအား လူဖြစ်အောင်မွေး၍ အရွယ်ရောက်လာချိန်တွင် သူမထံသို့ ဖြစ်သည့်နည်းဖြင့် ပို့ပေးမည်ဆိုသော စကားတခွန်းကိုသာ ကြားလိုက်ရတော့ သူမရင်ကွဲနာကျရပြန်သည်။ ဤသို့သော စစ်မက်ကာလတွင် မိတ်ဆွေများ၏ စေတနာကိုလဲ သူမသဘောပေါက်ပါသည်။ သို့ပေမယ့် ကိုယ့်ရင်သွေးလေးကို ရင်အုပ်မကွာ စောင့်ရှောက်ချင်သည်ကတော့ မိခင်တိုင်း၏ မေတ္တာပင် မဟုတ်ပါလား။ နို့အုံတွေ တင်းလာသည့် အခါတိုင်း မိခင်နို့ချို တစက်မှ မစို့လိုက်ရသည့် သားငယ်လေးအတွက် မျက်ရည်အတန်တန် ကျခဲ့ရသည်ပဲလေ။

(၃)

အချိန်ကား (၁၉၈၂)။

နေရာကား ပွေးလှမြို့။

ပွေးလှမြို့သည် ပင်းတယနယ်ထဲမှ ဖြစ်ပြီး၊ ဓနုတိုင်းရင်းသားအများစု နေထိုင်သည့် မြို့ဖြစ်သည်။ တိုက်နယ်ဆေးရုံငယ်တခုရှိပြီး၊ (၅)ရက်တဈေးရှိသည့် မြို့ငယ်လေးဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ (၁၉၇၉) ပန်ဆန်းတိုးချဲ့ဗဟိုအစည်းအဝေးမှ အသစ်ဖွဲ့စည်းခဲ့သော အလယ်ပိုင်းဗဟိုဌာနခွဲ နယ်မြေတွင် ပါဝင်သည်။

ခင်ပွန်းသည်ဆုံး၊ သားလည်းပျောက်အခြေအနေများ ဖြစ်ပွားပြီးသည့်နောက်ပိုင်း ရေရှည်ပူဆွေးဖို့ သူမမှာ အချိန်မရခဲ့။ နေဝင်းကြေးစားတပ်၏ စစ်ကြောင်းများနှင့် တိုက်ပွဲများစွာ ရင်ဆိုင်ဆင်နွှဲခဲ့ရသည်။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (ရပခ) တိုင်းမှူး ဗိုလ်သန်းတင်၏ မိုးလုံးဟိန်းစစ်ဆင်ရေး၊ ဂဠုန်စစ်ဆင်ရေးများကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ခဲ့ရသည်။ ( ၁၉၇၁)တွင် ဖွဲ့စည်းသော (၁၀၈)

စစ်ဒေသ၏ လူထုစည်းရုံးရေးများတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့သည်။ ထိုမှတဖန် (၁၀၈)စစ်ဒေသနှင့် (၆၈၃) တပ်မဟာနယ်မြေမှ ကေဒါများနှင့် ပါတီဝင်များပါဝင်သည့် အလယ်ပိုင်းဗဟိုဌာနခွဲကို ဖွဲ့စည်းပြီး နောက်ပိုင်းတွင်လည်း ပါတီမှ ပေးအပ်သော တာဝန်များကို အသက်နှင့်ရင်း၍ ကျေပွန်အောင် ထမ်းဆောင်ခဲ့သည်။

အလုပ်တာဝန်များနှင့် ပိနေ၍ နာကျင်ခဲ့ရသော ရင်ထဲမှ ဒဏ်ရာများက အကင်းသေစ ပြုနေခဲ့ပါပြီ။ ထိုဒဏ်ရာများကို အသစ်တဖန်တူးဆွစေခဲ့သည်ကား---။

ထုံးစံအတိုင်း ပွေးလှုရှေးနေ့သည် ဈေးသွားဈေးလာများဖြင့် စည်ကားလို့နေသည်။ ငါးရက်တဈေးမို့ နီးစပ်ရာနယ်ပေါင်းစုံမှ ဈေးရောင်းဈေးဝယ်များဖြင့် ပြည့်လျှံနေသည်။ တာဝန်နှင့် ရွာထဲမြို့ထဲဝင်လျှင် ထိုလိုနေ့မျိုးကို သူမရွေးချယ်လေ့ရှိသည်။ ကြံကြံဖန်ဖန် ကံကြမ္မာက ဖန်တီးလာတော့ နစ်ပေါင်းများစွာ ပျောက်ဆုံးနေသောသူကို သူမတွေ့လိုက်ရသည်။

"ဦးခွန်သိန်း။ ဦးခွန်သိန်း။ ဟုတ်ပါတယ်နော်"

ခနတိုင်းရင်းသူတယောက်လို ရုပ်ဖျက်ထားသည့် သူမကို ထိုသူက မမှတ်မိ။

"ကျွန်မမမြကြည်ပါ။ ဟို-ကျွန်မကလေးလေးလေ၊ ဦးခွန်သိန်းတို့ စောင့်ရှောက်ပေးတာ"

ထိုသူကဘေးဘီဝဲယာကိုကြည့်သည်။

"ဒီမှာပြောလို့မကောင်းဘူး။ အိမ်ခဏလိုက်ခဲ့ပါလား"

သားဇောကြောင့် လုံခြုံရေးကိုပင် ဂရုမစိုက်မိ။ ထိုသူခေါ်ရာသို့ တကောက်ကောက် လိုက်ဖြစ်သွားသည်။

"သား။ သားလေးကောဟင်"

အိမ်သို့ရောက်ရောက်ချင်း အမောတကောမေးမိသည်။ အခုဆိုသားလေးလဲ အသက်နှစ်ဆယ်ကျော်ရှိနေလောက်ပြီ။ အိမ်ထောင်ရက်သားများ ကျနေပြီလား။ ကလေးငယ်လေးသာ ရှိနေရင်တော့ မြေးလေးကိုပါ တွေ့ရချည်ရဲ့ဟုပင် စိတ်ကူးယဉ်လိုက်မိသည်။ တချိန်က အမာခံဖြစ်ခဲ့သူတယောက်လက်တွင် ကြီးပြင်းလာသော သူမ၏သားထံတွင် တော်လှန်ရေးအသိနှင့် စိတ်ဓာတ်တို့ ရှိနေမည်မလွဲ။ သားကို အခြေစိုက်ဒေသသို့ ခေါ်သွားရမည်။ တော်လှန်ရေး၏ မျိုးဆက်သစ်တယောက်အဖြစ် လမ်းညွှန်ပျိုးထောင်ပေးရမည်။

သူမ၏ လတ်တလောစိတ်ကူးယဉ် အိပ်မက်တို့သည် ခေါင်းကိုတွင်တွင် ငုံ့ထားသော ထိုသူ၏ အပြုအမူတို့ကြောင့် ရုတ်ချည်းပျောက်ကွယ်သွားရသည်။

"သားလေး၊ သားလေး ဘာဖြစ်လို့လဲဟင်။ သက်ဆိုးမရှည်ဘူးလား"

ဦးခွန်သိန်းက ခေါင်းကို ရမ်းသည်။

"ဦးခွန်သိန်း။ ကျွန်မကို အဖြစ်မှန်ပြောပြပါ။ ဘာတွေပဲဖြစ်ဖြစ် ကျွန်မရင်ဆိုင်နိုင်ပါတယ်။ တော်လှန်ရေးသမားတယောက်ရဲ့ဘဝဟာ ခါးသီးနာကျည်းဖွယ်ရာတွေနဲ့ ပြည့်နှက်နေစမြဲဆိုတာကို ကျွန်မနားလည်တယ်"

"သက်ဆိုးမရှည်ရင်တောင် ကောင်းဦးမယ်ဗျာ။ အခုတော့---"

ဦးခွန်သိန်း၏ တောက်ခေါက်သံကို ကျယ်လောင်စွာ ကြားရသည်။ ဘာမှန်းမသိ၍ သူမမှာ အသက်ပင် မရှူမိ။

"နေဦး။ ကျုပ်ပြမယ်"

ဦးခွန်သိန်းက အိပ်ခန်းထဲသို့ဝင်၍ ပတ်စ်ပို့ဒ်ဓာတ်ပုံလေး တပုံအား ယူလာပြသည်။ ဓာတ်ပုံထဲမှ ကြေးစားစစ်ယူဖောင်း၊ ပခုံးတွင် ကြယ်နစ်ပွင့်နှင့် လူငယ်သည် ဝင့်ထည်စွာ ပြုံးနေလေသည်။ အရာရာကို ရင်ဆိုင်ရဲသည်ဟု မှတ်ယူထားသော သူမသည် ထိုပုံကို တွေ့လိုက်ရသောအခါတွင်တော့ ရင်ထဲတွင် နင့်ကနဲနေအောင် ခံစားလိုက်ရသည်။ ဖအေတူသား။ သို့ပေမယ့် ဖအေလျှောက်ခဲ့သည့် သစ္စာတရားလမ်းမပေါ်တွင် ရောက်နေသူမဟုတ်ပဲ ဖအေကို သတ်ခဲ့သည့် ကြေးစားစစ်တပ်၏ အမိုက်မှောင်လမ်းပေါ်တွင် ရောက်နေလေပြီ။

"ကျုပ်အပြစ်ပါဗျာ။ ကျုပ်ကို ကြိုက်တဲ့ အပြစ်ပေးပါ"

ဦးခွန်သိန်း၏ ဆို့နင့်နေသော စကားသံကို ကြားရတော့မှ ဓာတ်ပုံကို စိုက်ကြည့်ပြီး အသေကောင်တယောက်လို ငြိမ်နေသော သူမ သတိဝင်လာသည်။

"ဘယ်လိုဖြစ်ရတာလဲရှင်။ ဘာတွေဖြစ်ခဲ့လဲဆိုတာ ကျွန်မကို ပြောပြပေးပါ"

"ဖက်ဆစ်နေဝင်းတပ်တွေ ရွာထဲဝင်လာတော့ ကျုပ်တို့ ကလေးကို လုံခြုံတဲ့နေရာမှာ ဖွက်ထားခဲ့တယ်။ ဒီကောင်တွေသိပ်ယုတ်မာတယ်။ တရွာလုံးကို ရိုက်နှက်၊ မီးတင်ရှို့ပြီး ပြန်မထွက်ခင်မှာ ကြိမ်းသွားတာက သူပုန်သွေးကို အရှင်မထားဘူး။ တွေ့တာနဲ့ မီးပုံထဲ ပစ်ချမယ်တဲ့။ ကျုပ်တို့လဲ လန့်ပြီး ပြေးခဲ့ကြတာ။ ကလေးလေးကို မသေစေချင်ဘူးလေ။ ကံဆိုးချင်တော့ ဒီနယ်ရောက်ပြီး မကြာခင်မှာပင် ကျုပ်မိန်းမက ကောက်ခါငင်ခါဆုံးတယ်။ ကျုပ်က ပန်းနာရင်ကြပ်ဖြစ်တယ်။ နောက်ဆုံးပင်းတယဆေးရုံကို ရောက်လာတဲ့ ဆရာလေး ဒေါက်တာခင်မောင်အေးက ကလေးကိုမွေးစားမယ်ဆိုတာနဲ့ ကလေးအနာဂတ်အတွက် သူနဲ့ ထည့်ပေးလိုက်တာ။ သူတောင်ကြီးပြောင်းတော့ တပါတည်းပါသွားတယ်။ ကျုပ်ပြန်တွေ့ရတဲ့ အခါကျတော့ သူက စစ်ကျောင်း ဆင်းပြီးနေပြီ။ ကျုပ်ကို လာကန်တော့သွားတယ်။ ကျုပ်လေ-ကျုပ် အားလုံးကောင်းဖို့ စေတနာနဲ့ လုပ်ခဲ့တာပါ။ အခုတော့ ကျုပ်စေတနာက အဆိပ်ပင်ကို ရေလောင်းလိုက်သလို ဖြစ်သွားပြီ"

ယောက်ျားရင့်မာကြီးတယောက်၏ ယူကြုံးမရ ငိုကြွေးနေသံကို စိတ်မကောင်းစွာ ကြားရသည်။ သူမစိတ်တို့သည်လည်း ချုံးချုံးကျသွားသလို ခံစားလိုက်ရသည်။ တိုင်းပြည်အတွက် အဖိုးတန်သော လူငယ်လေးတွေသည် ကြေးစားစစ်တပ်၏ အစေအပါး၊ လူသတ်သမားများ ဘဝသို့ သက်ဆင်းနေရသည်ကို တွေးမိတိုင်း နမျောတသဖြစ်ခဲ့ရသူ၊ သူမသည် ယခုတော့ ဝမ်းနှင့်လွယ်မွေးခဲ့ရသော ကြေးစားစစ်ဗိုလ်လေး၏ မိခင်ဘဝရောက်နေရပါပကောလား။

"သူ့နာမည်ဘယ်လိုခေါ်လဲ"

"စစ်အောင်။ ဗိုလ်စစ်အောင်တဲ့"

"ကျွန်မဒီဓာတ်ပုံလေး ယူသွားမယ်နော်။ ခွင့်ပြုပေးပါ"

"ယူသွားပါ။ ကျုပ်ဒါပဲပေးလိုက်နိုင်တော့တာကို စိတ်မကောင်းဘူး။ ကျုပ်ကို ခွင့်လွှတ်ပါ"

"ရပါတယ်။ ခေတ်စနစ်ဆိုးရဲ့အောက်မှာ ဒီလိုတွေ ဖြစ်တတ်တာ အများကြီးပါ။ ကျွန်မသွားမယ်"

ခံစားချက်ကို တာဝန်ဆိုသော အသိနှင့် ထိန်းရင်း သူမဆက်လျှောက်ရမည့် လမ်းပေါ်သို့ ပြန်ခဲ့ရလေသည်။

(၄)

အချိန်ကား (၁၉၈၃)ခု။

နေရာကား နန့်လန်နယ်။

အလုပ်ကိစ္စတခုဖြင့် နန့်လန်နယ်အတွင်းမှ ရွာငယ်တခုသို့ ရောက်ရှိနေသည်။ နန့်လန်မြို့အခြေစိုက်စစ်တပ်၏ စစ်ကြောင်းများ နယ်မြေတွင်းရှိနေပေမယ့် အနီးအနားမှ ရွာတရွာတွင် မိမိတို့ တပ်စုတစုရှိနေသည်မို့ စိတ်ချလက်ချပင် တယောက်တည်းထွက်လာဖြစ်ခဲ့သည်။ ပြန်ခါနီး ရွာလူကြီး မိသားစုမှ ထမင်းစားအတင်းခေါ်နေသဖြင့် ခေတ္တ ဝင်ထိုင်ဖြစ်သည်။ ပြောက်ကျားစစ်ဒေသလှုပ်ရှား နယ်မြေတွင် လူထုများနှင့် ရင်းနှီးခင်မင်မှုသည် တော်လှန်ရေးအတွက် အရေးပါလှသည်။

အချိန်အားဖြင့် သိပ်မကြာလိုက်။ အိမ်ဝိုင်းထဲမှ မသင်္ကာဖွယ်ရာ အသံတချို့ကြားရသည်မို့ ပါလာသည့် သေနတ်ကို ဆွဲထုတ်ရသည်။ အခြေအနေကို လှေလာကြည့်တော့ ရန်သူများ ဝိုင်းထားသည်ကို တွေ့ရသည်။ ခုခံပြီး ခုန်ချထွက်ပြေးလျှင်တော့ လွတ်ချင် လွတ်နိုင်မည်။ သေနတ်သံကြားသည်နှင့် ----ရွာအနီး တောင်ယာတဲများတွင် အခြေစိုက်ထားသော တပ်စုက ချက်ချင်းလိုက်လာလိမ့်မည်။

ထိုရည်ရွယ်ချက်ဖြင့် သေနတ်ကို မောင်းတင်စဉ်ခဏ။

အလို---ဘာသံပါလိမ့်။ ငိုသံ။ ကလေးငယ်တယောက်၏ ငိုရှိုက်သံ။ ရွာလူကြီး ဇနီးက ကလေးငယ်၏ ပါးစပ်ကို အတင်းပိတ်ထားသည်မို့ ဝူးဝူးဝါးဝါး ဖြစ်နေသည်။သူမ သေနတ်ပြောင်းက အောက်သို့ ငိုက်သွားသည်။ ကြေးစားစစ်တပ်သည် လူစိတ်ကင်းမဲ့နေသော တပ်ဖြစ်သည်။ အိမ်ပေါ်တွင် ကလေးငယ်တယောက်ရှိနေသည်ကို ဂရုစိုက်မည်မဟုတ်။ သူမပစ်သည်နှင့် ကျည်ဆံများက တဲထဲသို့ တရဟော ဝင်လာလိမ့်မည်။ သူမလွတ်အောင် ရှောင်နိုင်ပေမယ့် သနားစဖွယ် ကလေးငယ်နှင့် မိသားစုတခု

အသက်ဆုံးရလိမ့်မည်။ ထိုရွာလူကြီး မိသားစုသည် တော်လှန်ရေးကာလတလျှောက်တွင် သူမတို့အား ကူညီအားပေးခဲ့သည့် သူရဲကောင်း ပြည်သူများဖြစ်သည်။

သေနတ်တချက်မှ မဖောက်ပဲ အသာတကြည်ပင် သူမအဖမ်းခံလိုက်ပါသည်။ ရွာတွင်းတွင် စစ်တပ်သတင်းပေး တယောက်ယောက်ရှိနိုင်သည်ဆိုသော အချက်ကို သူမပေ့ါလျော့စွာ သတိမပြုခဲ့မိခြင်းသာဖြစ်သည်။

အဖမ်းခံခြင်းသာဖြစ်သည်။ လက်နက်ချခြင်းမဟုတ်။ ဒါကို သူတို့သိအောင် သူမပြောရသည်။ ရွာသားများရှေ့တွင် လူမဆန်အောင် ဗိုင်းဝန်းရိုက်နှက် ကန်ကျောက်ခြင်းကို ခံရသည်။ အသားနာသည်ထက် ရင်ထဲတွင် ပိုနာရသည်က သူမအား ဖမ်းဆီးနိပ်စက်ကာ ခွဲရုံးအခြေစိုက်နေရာကို မေးနေသော စစ်ကြောင်းမှ အရာရှိသည် လွန်ခဲ့သော နှစ်ဆယ့်လေးနှစ်ကျော်က သူမမွေးဖွားထားခဲ့သော သူမ၏ သားရတနာ ဖြစ်နေခဲ့ခြင်းပင်။

"ဗိုလ်ကြီး။ ကွန်မြူနစ်တွေ အလုံးအရင်းနဲ့ ဒီဘက်ကို ဆင်းလာတယ် သတင်းရတယ်"

"ရွာထဲမှာ ကြာလို့မဖြစ်ဘူး။ ဒါသူတို့နယ်မြေ။ နန့်လန်တပ်ကို ချက်ချင်းသတင်းပို့၊ စစ်ကူတောင်း။ ဆုတ်ဖို့ပြင်တော့"

"သူ့ကို ဘယ်လိုလုပ်မလဲ"

"ကွန်မြူနစ်မ။ ခေါင်းသိပ်မာတယ်။ ရှင်းပစ်လိုက်။ နေဦး။ ငါပစ်မယ်"

သွေးအိုင်များကြားတွင် လဲနေသော သူမရှိသမျှအားကို စုစည်း၍ ခေါင်းထောင်ရသည်။ သားလေးမည်မျှ ရက်စက် ယုတ်မာနေသည်ပဲဖြစ်ဖြစ်၊ အမေသတ်သော သားအဖြစ် ဘဝသံသရာအဆက်ဆက် ငရဲခံရမည်ကို သူမမလိုလား။

"သားမပစ်နဲ့။ မှားမယ်၊ ပပစ်နဲ့"

သားလေး၏ ပြောင်းဝကို ရှောင်ရင်း အနီးမှ စစ်သည်တယောက်၏ ပြောင်းဝသို့ ပြေးအဝင်။ ထိုစစ်သည်ကလဲ အလန့်တကြား သေနတ်မောင်းခလုတ်ကို ဆွဲအဖြုတ်။

ထွက်ပေါ်လာသော သေနတ်သံနှင့်အတူ သူမခွေကျသွားသည်။ အမှောင်အတိ ဖုံးသွားသည်က သူမနောက်ဆုံး အသိ။

နောက်ဆက်တွဲ-

အကယ်၍များ သူ့ကိုသားဟုခေါ်ကာ နီးရာသေနတ် ပြောင်းဝသို့ တိုးဝင်အသေခံသွားသော၊ သူ့အခေါ် ကွန်မြူနစ်မ တယောက်၏ အတွင်းခံ အင်္ကျီထဲမှ ဓာတ်ပုံတပုံကိုသာ ဗိုလ်စစ်အောင် တွေ့မြင်ခဲ့မည် ဆိုပါက----------။

ခင်မမမျိုး (၂၆၊ ၁၊ ၂၀၀၈)

(မှတ်ချက်။ သမိုင်းနောက်ခံအချက်အလက်များအား ရဲဘော်ခင်ညို၏ "၄၉-တော်လှန်ရေး မျိုးဆက်တဦး၏ ဘဝဒိုင်ယာရီ "နှင့် ဗိုလ်သန်းတင်၏ "စစ်ဆင်ရေးပြီး စစ်ဆင်ရေး" စာအုပ်များအား ရည်ညွှန်းကိုးကားပါသည်)

မွေးရပ်ဌာနေ
ရှမ်းမောမြေမှ
ယမ်းငွေ့ကျည်ဆံ
သေနတ်သံများကြားတွင်
သူရဲကောင်းပီသစွာ
ကျဆုံးသွားကြသော
အာဇာနည်
တော်လှန်ရေးသမားများ အားလုံးအား
ဂုဏ်ယူစွာ ဦးညွှတ်ပါ၏။

# မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ် (Free Burma Federation)

## တိုက်ပွဲဝင်ရဲဘော်များသို့ ပန်ကြားလွှာ

နိုင်ငံတကာရောက်ဒီမိုကရေစီ တိုက်ပွဲဝင် ညီနောင်များ၊ ပြည်တွင်းရှိ ညီနောင်ရဲဘော်များနှင့် တိုက်ပွဲဝင် မဟာမိတ် အဖွဲ့အစည်းများအား မိမိတို့ မြန်မာပြည် လွတ်မြောက်ရေး အဖွဲ့ချုပ် (Free Burma Federation) နှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ရန် ဖိတ်ခေါ်အပ်ပါသည်။

မိမိတို့အဖွဲ့အစည်းသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများတွင် ပါဝင်လုပ်ကိုင်လျက်ရှိသော ညီနောင်ရဲဘော်များဖြင့် ပူးပေါင်းဖွဲ့စည်းထားသည့် အဖွဲ့ချုပ်ဖြစ်ပါသည်။ ယနေ့ကာလသည် သမိုင်းခေတ်၏ အလှည့်အပြောင်းတခုဆီသို့ ဦးတည်ပြောင်းလဲနေသော အရေးကြီးဆုံး အချိန်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို၊ မည်သည့်အဖွဲ့အစည်းများနှင့်မဆို၊ အောက်ပါနိုင်ငံရေးဦးတည်ချက်များနှင့်အညီ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် တိုက်ပွဲဝင်ရဲဘော်များ၊ မဟာမိတ် အဖွဲ့အစည်းများကို ဖိတ်ခေါ်အပ်ပါသည်။

မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ်၏ နိုင်ငံရေး ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) စစ်အာဏာရှင်စနစ် အလုံးစုံချုပ်ငြိမ်းရေး
(၂) စစ်မှန်သော ဒီမိုကရေစီစနစ် ရှင်သန်ပေါ်ထွန်းရေး
(၃)အမျိုးသားတန်းတူညီမျှရေး၊သွေးစည်းရေးနှင့် ငြိမ်းချမ်းရေး

အထက်ပါ ဦးတည်ချက်သုံးရပ်ကို ရေတို၊ ရေရှည် လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဖွဲ့၏ ရေတို၊ ရေရှည်လုပ်ငန်းစဉ်များကို ဗဟိုနိုင်ငံရေး ဦးဆောင်ကော်မတီမှ လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်းပြည်ပ နိုင်ငံရေးနှင့် ကမ္ဘာ့ရေးရာ အခြေအနေများ အပေါ်တွင် စနစ်တကျ သုံးသပ်ကာ ကျစ်လျစ်ခိုင်မာ တိကျသောဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်သွားမည်။

၁။ ၂၀၁၀ ရွေးကောက်ပွဲအား လုံးဝလက်မခံကြောင်းကို လူထုလူတန်းစား၊ အဖွဲ့အစည်းအသီးသီး၊ နိုင်ငံရေးအင်အားစု အသီးသီးတို့၏ အင်အားများဖြင့် နည်းပေါင်းစုံသုံး၍ ဖော်ထုတ်သွားရန်

၂။ ငှင်းဖော်ထုတ်မှုများမှတဆင့် စစ်အုပ်ချုပ်ရေးအား ဆန့်ကျင်ဖော်ထုတ်သည့် လူထုလှုပ်ရှားမှုများအဖြစ် ပြောင်းလဲမြှင့်တင်သွားရန်

၃။ ငှင်းလူထုလှုပ်ရှားမှုများ အရှိန်အဟုန်မြင့်လာရေးနှင့် အန္တရာယ်ကင်း လုံခြုံရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ပေးသွားရန်

၄။ လူထုလူတန်းစား၊ အလွှာပေါင်းစုံပါဝင်သော အထွေထွေသပိတ်တိုက်ပွဲမှတဆင့် တပ်မတော်၏ ပူးပေါင်းပါဝင်မှုဖြင့် တနိုင်ငံလုံးအတိုင်းအတာ မပူးပေါင်း၊ မဆောင်ရွက်ရေး အဆင့်သို့တက်လှမ်းရန်

၅။ ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကို အခြေခံသည့် လူထုအစိုးရတရပ် ဖွဲ့စည်းပြီး ပြည်သူ့အာဏာ လွှဲပြောင်းရယူရန်

ဗဟိုနိုင်ငံရေးဦးဆောင်ကော်မတီ

မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လိုပါက အောက်ပါ အီးမေးလ်လိပ်စာများသို့ ဆက်သွယ်နိုင်ပါသည်။

**Online membership-**

Free Burma Federation (freeburmafederation@gmail.com)

**Regional Contacts**

**ဂျပန်**

ကိုကျော်ကျော်စိုး (sayarkway@yahoo.com) ဦးကိုကိုအောင်(kokoaung_dfbjp@yahoo.com)

**အမေရိကန်ပြည်ထောင်စု**

ကိုယဉ်အေး (yindbso@gmail.com)

ကိုရွှေစင် (shwesinhtun@yahoo.com)

**ယူကေ**

မခင်မမမျိုး (khinmamamyo@gmail.com)

**အိန္ဒိယ**

ကိုရောင်နီ (yaungni800@gmail.com)

**ထိုင်း**

ကိုရင်ထွေး (yinhtway@gmail.com)

**မြန်မာပြည်လွတ်မြောက်ရေး အဖွဲ့ချုပ် ဗဟိုပြန်ကြားရေးဌာနမှ ထုတ်ဝေသည်။**

| | |
|---|---|
| **တာဝန်ခံအယ်ဒီတာ**<br>ခင်မမမျိုး<br><br>**အယ်ဒီတာအဖွဲ့**<br>မြတ်စိုး<br>နစ်နေမန်း<br>ကျော်ကျော်စိုး<br>ဌေးဝင်း | **ဖြန့်ချိရေး**<br>ဒေါက်တာအေးမင်း<br>ရွှေစင်<br>ယဉ်အေး<br>ရင်ထွေး<br>ကိုကိုအောင်<br>စိုးထွန်း<br>ရောင်နီ |